စက်မှုအလင်း ဂျာနယ်
Beacon of Industry
Vol.2, No.8 - May 15, 2017
www.industry.gov.mm
စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဗာတီကန်မြို့ပြနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပုပ်ရဟန်းမင်းကြီးတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မေလ ၁ ရက်နေ့မှ ၉ ရက်နေ့အထိ ဥရောပသမဂ္ဂဌာနချုပ်၊ ဘယ်လ်ဂျီယံနိုင်ငံ၊ အီတလီနိုင်ငံ၊ ဗာတီကန်မြို့ပြနိုင်ငံနှင့် ဗြိတိန်နိုင်ငံများသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့သည်။

ခရီးစဉ်ကာလအတွင်း မေလ ၄ ရက်နေ့၊ နံနက်ပိုင်းက ဗာတီကန်နန်းတော်၌ ခရစ်ယာန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး His Holiness Pope Francis အား သွားရောက်တွေ့ဆုံခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့်ဗာတီကန်မြို့ပြနိုင်ငံ (Holy See) တို့အကြား သံတမန်အဆက်အသွယ်ထူထောင်သည့်ကြေညာချက်ကို ထုတ်ပြန်ခဲ့ကြသည်။

ဗာတီကန်မြို့ပြနိုင်ငံသည် ကုလသမဂ္ဂတွင်လေ့လာသူအဆင့် အတန်းရရှိထားသည့် အချုပ်အခြာအာဏာပိုင်ဆိုင်သည့် -

စာ - ၅

## အမှတ် (၇) အထည်စက်ရုံ (မြစ်သား) တွင် Ko Ko Myint Co.,Ltd. နှင့် ပူးပေါင်း၍ အိန္ဒိယနည်းပညာဖြင့် (၁/၄၀) စီ အဆင့်မြင့်ပေါင်းချည်များကို ဈေးကွက်လိုအပ်ချက်အရ တိုးမြှင့်ထုတ်လုပ်နေ

စာ - ၇



စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ပဲခူးတိုင်းဒေသကြီးနှင့် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ စက်ရုံအလုပ်ရုံများကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဧပြီလ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ **ရွှေတောင်မြို့ရှိ အမှတ် (၁) အထည်စက်ရုံ (ရွှေတောင်)** သို့ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးက လုပ်ငန်းလည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ပြည်ထောင်စုဝန်ကြီးက စက်ရုံမှ ထုတ်လုပ်သည့် အဝတ်အထည်များသည် သုံးစွဲသူများအား ဆွဲဆောင်မှုရှိမည့် သစ်လွင်ဆန်းသစ်သည့် ဒီဇိုင်းများဖြစ်ရန်နှင့် အရည်အသွေးကောင်းမွန်ရန်လည်း လိုအပ်ကြောင်း၊ သုံးစွဲသူများ ကြိုက်နှစ်သက်သည့် အဆင်ဒီဇိုင်းများ ထုတ်လုပ်နိုင်ရေးအတွက် ဈေးကွက်သုတေသနပြုလုပ်ရမည်ဖြစ်ပြီး မိမိထုတ်ကုန်ပစ္စည်းများအား သုံးစွဲသူပြည်သူများ သိရှိစေရေးအတွက် ကြော်ငြာပေးရန်လိုကြောင်း၊ ထို့ပြင် ဈေးကွက်ထိုးဖောက်နိုင်ရေးအတွက် အရောင်းမြှင့်တင်ရေးလုပ်ငန်းများပါ ဆောင်ရွက်ရန်လိုကြောင်း၊ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အမြဲတစေဆောင်ရွက်နေရန်လိုကြောင်း၊ လုပ်ငန်းတာဝန်များကို အတွေးအခေါ်ကောင်းကောင်းဖြင့် စေတနာထားဆောင်ရွက်ကြရန်နှင့် စက်ရုံဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် ဖွဲ့၊ လုံ့လ၊ ဝီရိယရှိရှိဖြင့် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံပိုင်စက်ရုံအနေဖြင့် ရေရှည်တွင် ပုဂ္ဂလိကနှင့်အကျိုးတူဆောင်ရွက်ခြင်း (Public-Private-Partnership-PPP)၊ ပုဂ္ဂလိကနှင့်ဖက်စပ်ဆောင်ရွက်ခြင်း (Joint Venture-JV)၊ ပုဂ္ဂလိကသို့ နှစ်ရှည်ငှားရမ်းခြင်း (Long Lease)၊ ပုဂ္ဂလိကသို့အပြီးအပိုင်လွှဲပြောင်းခြင်း (Privatization) နည်းလမ်းတို့ဖြင့် အဆင့်ဆင့်ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်အရ မိမိတို့ထုတ်ကုန်များအား ပုဂ္ဂလိကထုတ်ကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ရောင်းချရမည်ဖြစ်၍ ဈေးနှုန်းသက်သာပြီး အရည်အသွေးကောင်းမွန်ရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် အဆင့်မြင့်နည်းပညာများကို အမြဲမပြတ် လေ့လာသင်ယူနေရမည်ဖြစ်၍ အင်္ဂလိပ်စာကျွမ်းကျင်မှုရှိအောင် လေ့လာသင်ယူထားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များကို စည်းလုံးညီညွတ်စွာဖြင့် မြန်မြန်ဆန်ဆန်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ပြီး စက်ရုံမှထုတ်လုပ်ထားရှိသည့် ဆေးဆိုးပန်းရိုက်ထည်များနှင့်စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်တို့အား PPP ပြုလုပ်ရန် အသင့်အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။



ပြည်ထောင်စုဝန်ကြီး အထည်စက်ရုံ(ရွှေတောင်) အတွင်းကြည့်ရှုစစ်ဆေးစဉ်၊

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်မြို့ရှိ **ပြည်ခရိုင်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**သို့ရောက်ရှိပြီး ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမှားအယွင်းမရှိအောင် စနစ်တကျစစ်ဆေးပေးရန်လိုကြောင်း၊ လျှပ်စစ်နှင့်ပတ်သက်၍ ဓာတ်လိုက်မှု၊ ပေါ့ဆမှု၊ မီးလောင်မှုများမဖြစ်စေရန် စနစ်တကျစစ်ဆေးပေးရန်၊ ပညာပေးရန်နှင့်အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးရန်လိုကြောင်း၊ လျှပ်စစ်အန္တရာယ်ကို **'လုံးဝကင်းရှင်း'** သည်အထိ ရည်မှန်းလုပ်ဆောင်ရန်လိုကြောင်း၊ စစ်ဆေးရေးဆောင်ရွက်သည့် ဝန်ထမ်းများအနေဖြင့် စစ်ဆေးရာတွင်အသုံးပြုသည့် အထောက်အကူပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုတတ်စေရန် လေ့ကျင့်သင်ယူထားရန်လိုကြောင်း၊ စက်မှုလုပ်ငန်းများအား စစ်ဆေးသည့်အခါ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန်အတွက် အလေးထားစစ်ဆေးရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြည်သူလူထုအတွင်း ထဲထဲဝင်ဝင်လေ့လာ၍ ပြည်သူများ ကြုံတွေ့နေရသည့် အခက်အခဲများကို သိရှိအောင် ဆောင်ရွက်ပြီး ကူညီပံ့ပိုးပေးရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပန်းတောင်းမြို့နယ်ရှိ **အမှတ် (၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) သို့ ရှောင်တခင်ဝင်ရောက်**၍ အသစ်တည်ဆောက်ပြီးဖြစ်သော ၃ ထပ်ဆောင် Car Mechatronic Workshop တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက အဆောက်အဦများအား သတ်မှတ်စံချိန်စံညွှန်းများအတိုင်း စနစ်တကျစစ်ဆေးပြီးမှသာ လွှဲပြောင်းလက်ခံရန်လိုကြောင်း၊ နည်းပြဆရာ/ ဆရာမများအနေဖြင့် ဆရာကောင်းပီသစွာ မိမိတို့သင်ယူတတ်မြောက်ထားသည့်ပညာရပ်ဖြင့် သင်တန်းသားများအား ကျွမ်းကျွမ်းကျင်ကျင် လက်တွေ့ကျကျ တတ်မြောက်စေရန် စိတ်ရင်းစေတနာကောင်းများဖြင့် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ သင်တန်းသားများကို သင်ကြားပေးနေသလို မိမိတို့ဘဝတိုးတက်စေရန် စဉ်ဆက်မပြတ်လေ့လာသင်ယူနေရန်လိုကြောင်း၊ သင်တန်းသားများကို သင်ကြားမည့်ဘာသာရပ်များကိုလည်း ဆရာ/ဆရာမများ ကိုယ်တိုင် ကျွမ်းကျင်မှုရှိအောင် မပြတ်လေ့လာသင်ယူနေကြရန်လိုကြောင်း လမ်းညွှန်မှာကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီး အမှတ် (၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) ရှိ သင်ထောက်ကူပစ္စည်းများအား ကြည့်ရှုစစ်ဆေးစဉ်၊

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် **အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်)** သို့ရောက်ရှိပြီး Machine Tool Shop, Assembly Shop, PVC Cable Manufacturing Shop တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အစိုးရ-ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ဧပြီလ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရေဝတီတိုင်းဒေသကြီး၊ **ကြံခင်းမြို့ရှိ အမှတ် (၃၂) အကြီးစားစက်ရုံ (ကြံခင်း)** ဘိလပ်မြေစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးကလုပ်ငန်းလည်ပတ်

**စာမျက်နှာ ၃ သို့ -**



ပြည်ထောင်စုဝန်ကြီး
အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) အတွင်း ကြည့်ရှုစစ်ဆေးစဉ်၊

# စက်မှုဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံ The Korea Institute for Advancement of Technology (KIAT) တို့အကြား စက်မှုနည်းပညာအကြံပေးအစီအစဉ်အရ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

စက်မှုဝန်ကြီးဌာနနှင့်ကိုရီးယားနိုင်ငံ The Korea Institute for Advancement of Technology (KIAT) တို့အကြား **စက်မှုနည်းပညာအကြံပေးအစီအစဉ်** နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို ဧပြီလ ၂၇ ရက်နေ့၊ နံနက်က နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပပြုလုပ်ခဲ့ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို နှင့်ကိုရီးယားနိုင်ငံ KIAT အဖွဲ့ဥက္ကဋ္ဌ Mr.Jae Hoon Chung တို့က MoU လက်မှတ်ရေးထိုးခဲ့ကြပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုဆွေးနွေးခဲ့ကြသည်။

အဆိုပါ MoU တွင် မြန်မာနိုင်ငံရှိ လယ်ယာကဏ္ဍကိုဗဟိုပြု၍ ဒေသတွင်းလယ်ယာကဏ္ဍ၏ လိုအပ်ချက်အတိုင်း စက်ကိရိယာများတိုးမြှင့်ထုတ်လုပ်ခြင်း၊ လယ်ယာသုံးစက်ကိရိယာထုတ်လုပ်နေသော စက်ရုံများ၏လိုအပ်ချက်ဖြစ်သော Technical Know-how များ လွှဲပြောင်းပေးခြင်း၊ ရှိနေသောအခက်အခဲများကို ဖြေရှင်းခြင်း၊ အကြံပြုခြင်း၊ Guideline ပေးခြင်းများကို စက်မှုဝန်ကြီးဌာနနှင့် Korea Institute for Advancement of Technology (KIAT) တို့မှ ပူးပေါင်းပံ့ပိုးသွားမည့် အစီအစဉ်များပါဝင်ပြီး အဆိုပါစီမံကိန်းများကို ၂၀၁၇ ခုနှစ်၊ ဇွန်လတွင် စတင်၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလအထိ ဆောင်ရွက်သွားမည်ဖြစ်ကာ စက်မှုလယ်ယာထုတ်လုပ်မှုလုပ်ငန်းများအနက် ရိတ်သိမ်းစက်၊ လယ်ထွန်စက်၊ ရေစုပ်စက်၊ စပါးခြွေလှေ့စက်နှင့်စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်နေသည့်လုပ်ငန်းများကို အဆင့်မြှင့်တင်ခြင်း၊ အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်၍ နှစ်နိုင်ငံပူးပေါင်းလျက် ဈေးကွက်ခဲ့ထွင်သွားမည်ဖြစ်သည်။

ဆက်လက်၍ စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်နှင့် KIAT အဖွဲ့ဥက္ကဋ္ဌတို့က နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းအတွက် ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြပြီး မြန်မာနိုင်ငံ၏ Agricultural Situation ဆိုင်ရာ အကြောင်းအရာများကို စက်မှုဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မူမူအေးနှင့် မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးသုံးစက်ပစ္စည်းထုတ်လုပ်နေသော Good Brothers Co.,Ltd. မှ စက်ရုံတာဝန်ခံ ဦးစိုင်းငွေအောင်တို့ကလည်းကောင်း၊ TASK (Technology Advice and Solutions from Korea) နှင့်ပတ်သက်၍ ဖြုံငုံလေ့လာချက်များ၊ အကောင်အထည်ဖော်ဆောင်ရွက်ရေး အစီအစဉ်များကို ကိုရီးယားနိုင်ငံ KIAT နှင့် KAMIC တို့၏တာဝန်ရှိသူများကလည်းကောင်း အသီးသီးရှင်းလင်းပြောကြားခဲ့ကြပြီး အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်နှင့် KIAT အဖွဲ့ဥက္ကဋ္ဌတို့က MoU ပါဆောင်ရွက်မှုအစီအစဉ်များနှင့်ပတ်သက်သည့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်မှတ်တမ်း (Record of Discussion) အပေါ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။




အဆိုပါ TASK Program သို့ Application Form တင်ပြလျှောက်ထားသည့် မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးသုံးစက်ပစ္စည်းထုတ်လုပ်သည့် ပုဂ္ဂလိက စက်ရုံ (၂၅) ရုံအနက် နှစ်ဖက်အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်အရ စက်ရုံ (၁၀) ရုံအားရွေးချယ်ပြီး နည်းပညာဆိုင်ရာများ ပံ့ပိုးပေးခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ရွေးချယ်ထားသည့် မြန်မာ့လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်သည့်စက်ရုံများမှ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများအား ကိုရီးယားနိုင်ငံသို့ဖိတ်ခေါ်၍ ကိုရီးယားနိုင်ငံရှိစက်ရုံများအား သွားရောက်လေ့လာစေခြင်းများ၊ သင်တန်းပို့ချပေးခြင်းများနှင့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာပြပွဲများ၌ ပါဝင်ဆောင်ရွက်စေခြင်းများ ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

❑

**စာမျက်နှာ ၂ မှ-**

အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စက်ရုံမှထုတ်လုပ်သည့် ဘိလပ်မြေများအား အရည်အသွေးပြည့်မီပြီး ဈေးနှုန်း သက်သက်သာသာဖြင့် ရောင်းချနိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် Time Line, Time Frame, Work Schedule များရေးဆွဲ၍ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် လျော့နည်းအောင် ဆောင်ရွက်ရန်လိုကြောင်း၊ လမ်းညွှန်မှာကြားပြီး ကျောက်မိုင်းဌာနတွင် ထုံးကျောက်များထုတ်လုပ်နေမှု၊ ထုတ်လုပ်ပြီး ထုံးကျောက်များကြိတ်ခွဲနေမှုနှင့် ကုန်ကြမ်းကြိတ်ဌာနတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပုဂ္ဂလိကနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းထားသည့် ကုမ္ပဏီနှင့်ရှေ့လုပ်ငန်းစဉ်များအား အသေးစိတ်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ **ပုသိမ်မှန်စက်ရုံ** သို့ရောက်ရှိပြီး ပုဂ္ဂလိကနှင့်ပူးပေါင်းဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ စက်ရုံအသစ်တိုးချဲ့ရန် မြေနေရာများ၊ ကုန်သိုလှောင်ရုံများနှင့် ဆိပ်ခံဘောတံတားများအား လုပ်ငန်းတိုးချဲ့နိုင်ရေး အသင့်ပြင်ဆင်ထားရန် တို့ကို မှာကြားခဲ့ကြောင်းသတင်းရရှိသည်။

❑



ဘိလပ်မြေစက်ရုံ (ကြံခင်း) အားတွေ့မြင်ရစဉ်။

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

မျက်နှာဖုံးမှ-

# ဖိနပ်စက်ရုံ (ကျောက်ဆည်) မှ အရည်အသွေးမီဖိနပ်များ စတင်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နေ

## အမှတ် (၇) အထည်စက်ရုံ (မြစ်သား) တွင် အိန္ဒိယနည်းပညာဖြင့် (၁/၄၀) စီ အဆင့်မြင့်ပေါင်းချည်များထုတ်လုပ်နေ





မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်စက်မှုနယ်မြေရှိ စက်မှုဝန်ကြီးဌာနမှ Reva Co.,Ltd. သို့ငှားရမ်းထားသည့် ဖိနပ်စက်ရုံ (ကျောက်ဆည်) ၌ Reva Co.,Ltd. နှင့်တရုတ်နိုင်ငံ Gao Yuan Enterprises Development တို့ နည်းပညာပူးပေါင်း၍ နိုင်ငံတကာ စံချိန်စံညွှန်းမီ အရည်အသွေးမြင့် ဖိနပ်များ စတင်ထုတ်လုပ်သည့် အခမ်းအနားကို မေလ ၆ ရက်နေ့၊ နံနက်ကကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို တက်ရောက်အားပေး အမှာစကား ပြောကြားသည်။ **(ပုံ)**

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရာတွင် စက်မှုအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကိုလျှော့ချပြီး ပုဂ္ဂလိကဦးဆောင်မည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဖိနပ်စက်ရုံ (ကျောက်ဆည်) နှင့် ဖိနပ်စက်ရုံခွဲ (ဖော့ကန်) တို့ကို ပြည်ထောင်စုအစိုးရအဖွဲ့ ခွင့်ပြုချက်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်တို့ဖြင့် Reva Co.,Ltd. သို့ EVA Sole, Rubber Slipper များနှင့် ဖိနပ်အမျိုးမျိုးထုတ်လုပ်ရန် နှစ် ၅၀ ငှားရမ်းထားကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်စက်ရုံများကို ရေရှည်တွင်ပုဂ္ဂလိကနှင့်အကျိုးတူဆောင်ရွက်ခြင်း (Public-Private-Partnership-PPP)၊ ပုဂ္ဂလိကနှင့်ဖက်စပ်ဆောင်ရွက်ခြင်း (Joint Venture-JV)၊ ပုဂ္ဂလိကသို့ နှစ်ရှည်ငှားရမ်းခြင်း (Long Lease)၊ ပုဂ္ဂလိကသို့ အပြီးအပိုင်လွှဲပြောင်းခြင်း (Privatization) နည်းလမ်းတို့ဖြင့် အဆင့်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်အောင် လုပ်ဆောင်နိုင်ရန်အတွက် ဈေးကွက်ထိုးဖောက်နိုင်မှုသည် အဓိကအခန်းကဏ္ဍ၌ပါဝင်နေကြောင်း၊ Reva Co.,Ltd. အနေဖြင့် ကမ္ဘာ့အရပ်ရပ်သို့ ဖိနပ်များတင်ပို့ရောင်းချနေသည့် နိုင်ငံခြားကုမ္ပဏီတစ်ခုဖြစ်သည့် H & M Co.,Ltd. မှ H & M Brand ဖိနပ် Order များကို CMP စနစ်ဖြင့် ဆောင်ရွက်နိုင်ရန် တစ်နှစ်ကျော်ခန့် ကြိုးစားခဲ့ရသည်ကိုသိရှိခဲ့ကြောင်း၊ ကုမ္ပဏီအနေဖြင့် မဆုတ်မနစ်ကြိုးစားခဲ့သဖြင့် ယခုလိုအောင်မြင်မှုရရှိခဲ့တာဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် ငှားရမ်းထားသည့် ဖိနပ်စက်ရုံများမှ EVA Sole နှင့် Rubber Slipper ဖိနပ်အမျိုးမျိုးကို Kangaroo Brand ဖြင့် ပြည်တွင်းဈေးကွက်မှာ ဖြန့်ဖြူးရောင်းချနေသည်ကိုလည်း သိရှိရကြောင်း၊ ထို့အပြင် ဒီဇိုင်းနှင့်အရည်အသွေးကောင်းမွန်သည့် ဖိနပ်များကို ပြည်တွင်းမှာသာမက ထိုင်း၊ စင်ကာပူနှင့်ဥရောပနိုင်ငံများသို့လည်း တင်ပို့ရောင်းချနေသည့်အတွက် အလွန်ပဲအားရကျေနပ်မိကြောင်း၊ မိမိတို့ငှားရမ်းထားသည့်စက်ရုံကို အောင်မြင်အောင်ကြိုးစားဆောင်ရွက်နေကြသည့်အတွက် ဝမ်းမြောက်မိကြောင်း၊ ကုမ္ပဏီအနေဖြင့် လက်ရှိလုပ်ငန်းများအပြင် လုပ်ငန်းတိုးချဲ့ပြီး Gao Yuan Enterprises Development Co., Ltd. နှင့် နည်းပညာပူးပေါင်းကာ ဖိနပ်များကို **H & M Brand ဖြင့် ထုတ်လုပ်၍ နိုင်ငံခြားသို့ Export ပြုလုပ်သွားမည်ဟုသိရှိရကြောင်း၊** ယခုလို လုပ်ငန်းတိုးချဲ့ခြင်းအားဖြင့် စက်ရုံပတ်ဝန်းကျင်မှာရှိသည့် ပြည်သူလူထုအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ပြီး ပြည်သူများ၏လူမှုစီးပွားဘဝအဆင်ပြေအောင် တစ်ဖက်တစ်လမ်းမှ ကူညီပေးနိုင်မှာဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် နိုင်ငံခြားကုမ္ပဏီနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မည်ဖြစ်သည့်အတွက် နည်းပညာအသစ်များလည်း ရရှိလာမှာဖြစ်ကြောင်း၊ ရရှိလာမည့်နည်းပညာအသစ်များကို အကျိုးရှိရှိအသုံးချပြီး အခြားဆက်စပ်လုပ်ငန်းများကိုလည်း နည်းပညာပြန်လည်ဖြန့်ဝေပေးခြင်းအားဖြင့် အကျိုးကျေးဇူးများစွာ ရရှိလာမှာဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် လုပ်ငန်းများဆောင်ရွက်သည့်အခါ အခက်အခဲများရှိပါက မိမိတို့စက်မှုဝန်ကြီးဌာနအနေဖြင့် တတ်နိုင်သမျှအချိန်မရွေး ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ Reva Co.,Ltd. အနေဖြင့် နှစ်ဦးနှစ်ဖက် ကိုင်းကျွန်းမှီကျွန်းကိုင်းမှီဆိုသည့်အတိုင်း ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်လျှင် နိုင်ငံတော်၏ပြုပြင်ပြောင်းလဲ

**စာမျက်နှာ ၅ သို့ -**



ပြည်ထောင်စုဝန်ကြီးများနှင့်တာဝန်ရှိသူများက နိုင်ငံတကာအဆင့်မီအရည်အသွေးမြင့်ဖိနပ်များ စတင်ထုတ်လုပ်သည့်အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

> **မျက်နှာဖုံးမှ-**
>
> နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း (၁၈၀) ကျော်နှင့် သံတမန်ဆက်သွယ်မှုပြုလုပ်ထားပြီးဖြစ်သည်။
>
> ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဗာတီကန်မြို့ပြနိုင်ငံတို့အကြား သံတမန်ဆက်သွယ်ထူထောင်ရန် ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်၏ စတုတ္ထပုံမှန်အစည်းအဝေးမှ ၂၀၁၇ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။
>
> မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့်သံတမန်ဆက်ဆံမှုတိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဗာတီကန်မြို့ပြနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၁၈) နိုင်ငံမြောက် သံတမန်အဆက်အသွယ်ထူထောင်သည့်နိုင်ငံဖြစ်သည်။
>
> **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon- Long အား ဧပြီလ ၂၆ ရက်နေ့၊ ညနေ ၄ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ စက်မှုဝန်ကြီးဌာန၏ စက်ရုံများတွင် ထိုင်းနိုင်ငံမှရင်းနှီးမြှုပ်နှံလိုသူလုပ်ငန်းရှင်များနှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ Environmental Protection နှင့်ပတ်သက်သော ကိစ္စရပ်များဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ Corporate Social Responsibility (CSR) Program များတွင် ထိုင်းနိုင်ငံမှကုမ္ပဏီကြီးများပါဝင်ဆောင်ရွက်နိုင်ရေး၊ စက်မှုဝန်ကြီးဌာန၏ Cable Wire, Transformers and Machines Tools ထုတ်လုပ်မှုလုပ်ငန်းများတွင် ထိုင်းနိုင်ငံမှကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။

စာမျက်နှာ ၄ မှ-

ရေးလုပ်ငန်းစဉ်ဖြစ်သည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ ဖိနပ်စက်ရုံ (ကျောက်ဆည်)ကို ငှားရမ်းဆောင်ရွက်နေသည့် Reva Co.,Ltd. အနေဖြင့် ယခုထက်ပိုမိုအောင်မြင်သော ကုမ္ပဏီအဖြစ်ရေရှည်ဆက်လက်တည်တံ့အောင်မြင်စေရန်ဆန္ဒပြုပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မိမိတို့အနေဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ကိုလည်း ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ အစိုးရနှင့်တိုင်းရင်းသားလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှသာ နိုင်ငံတော်၏ စီးပွားရေး အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများလည်း များပြားလာမည်ဖြစ်ကြောင်း၊ မိမိတို့ကုန်များသည် အရည်အသွေး၊ ဈေးနှုန်းတို့တွင် အခြားနိုင်ငံများမှထုတ်ကုန်များနှင့် ယှဉ်ပြိုင်နိုင်ရမည်ဖြစ်ကြောင်း၊ သုံးစွဲသူလိုအပ်သည့် အရည်အသွေး ရရှိအောင်ထုတ်လုပ်ရန်လည်းလိုအပ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ရရှိလာမည့်အမြတ်အစွန်းအချို့မှ သင့်လျော်သည့်ရာခိုင်နှုန်းဖြင့် ဝန်ထမ်းများနှင့်စက်ရုံပတ်ဝန်းကျင်ရှိ ပြည်သူလူထုတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ကျခံသုံးစွဲရန်လိုအပ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ဘေးကင်းလုံခြုံမှုအထူးအလေးထားဆောင်ရွက်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ Reva Co.,Ltd. ဥက္ကဋ္ဌ ဦးမောင်မောင်သောင်းက လုပ်ငန်းများ လည်ပတ်ဆောင်ရွက်ခဲ့သည့်အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံတို့ကိုလည်းကောင်း၊ Gao Yuan Enterprises Development ဥက္ကဋ္ဌ Mr. Jeck နှင့် H & M Supply Change Manager Mr. Damien တို့က ကြိုဆိုနှုတ်ခွန်းဆက်အမှာစကား အသီးသီးပြောကြားကြသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ Reva Co.,Ltd. ဥက္ကဋ္ဌ ဦးမောင်မောင်သောင်း၊ Gao Yuan Enterprises Development ဥက္ကဋ္ဌ Mr. Jeck၊ H & M Supply Change Manager Mr. Damien၊ Reva Co., Ltd. မှ ဦးမြင့်သိန်းတို့က နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့်ဖိနပ်များ စတင်ထုတ်လုပ်သည့်အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ စက်ရုံအတွင်းလုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိသည့် နည်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ ဖိနပ်စက်ရုံ (ကျောက်ဆည်) အား Reva Co., Ltd. သို့ (၁. ၉. ၂၀၁၂) ရက်နေ့မှစ၍ နှစ်ရှည်ငှားရမ်းခဲ့ပြီး စက်ရုံငှားရမ်းကုမ္ပဏီမှဖိနပ် Sole ပြားများနှင့် ဖိနပ်အမျိုးမျိုးတို့ကို ထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်သို့ ရောင်းချဖြန့်ဖြူးခဲ့သည်။ ယခုအခါ Reva Co.,Ltd. သည် တရုတ်နိုင်ငံ Gao Yuan Enterprises Development နှင့်နည်းပညာပူးပေါင်း၍ နိုင်ငံတကာအဆင့်မီ **အရည်အသွေးမြင့်ဖိနပ်များကို တစ်နှစ်လျှင် အရန် (၈) သိန်းထုတ်လုပ်၍ ပြည်ပသို့တင်ပို့ရောင်းချမည်ဖြစ်သဖြင့်** နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိမည်ဖြစ်သည့်အပြင် စက်ရုံပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူ ၄၀၀ ခန့်ကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့်စက်ရုံဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး နှစ်ဦးနှင့်အတူ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ စက်မှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် **အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)** သို့ရောက်ရှိပြီး လူနာတင်ယာဉ်တပ်ဆင်ထုတ်လုပ်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် **အမှတ် (၇) အထည်စက်ရုံ (မြစ်သား)** သို့ရောက်ရှိပြီး Ko Ko Myint Co., Ltd. နှင့် ပူးပေါင်း၍ အိန္ဒိယနည်းပညာဖြင့် (၁/၄၀) စီ ပေါင်းချည်များကို ဈေးကွက်လိုအပ်ချက်အရ တိုးမြှင့်ထုတ်လုပ်နေမှုအခြေအနေတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။



**ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများ ဖိနပ်စက်ရုံအတွင်း ပြည်ပသို့တင်ပို့မည့် အရည်အသွေးမီဖိနပ်များထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာကြစဉ်။**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# အယူခံဝင် . . . . . နေ့စွဲလေးများ

✍ ဟန်နီဇော်

ဟော. . . သူလာနေပါပြီ။
လာနေကျပဲလေ၊အထူးအဆန်းလုပ်လို့
မလာပါနဲ့လို့လည်း တားလို့မရ
သူပြန်ချင်တဲ့အချိန်မှ ပြန်မှာလေ
လာတဲ့အချိန်တိုင်း သူ့ရဲ့ဝါသနာအတိုင်းပဲ
ကိုယ့်ကိုနှိပ်စက်နေကျပဲလေ၊ အထူးအဆန်းတော့လည်း
မဟုတ်ပါဘူး။

ကျွန်မပြောတဲ့သူဆိုတာက တရားထိုင်တိုင်းပေါ်လာတဲ့ ဝေဒနက္ခန္ဓာခေါ်တဲ့ဝေဒနာတရားပါပဲ။

အသက် ၃၀ ကျော်လာတဲ့နောက်ပိုင်းမှာတော့ ကိုယ့်ရဲ့ဗုဒ္ဓဘာသာ အနှစ်သာရတရားကိုရှာဖွေဖို့အလို့ငှာ ကျွန်မတစ်ယောက်ကတော့အားလပ်ရက်အချိန်ရတိုင်း တရားအားထုတ်နေကျပါ။ တရားမရသေးပေမယ့်လည်း ကိုယ်မသေခင်တကယ်လက်တွေ့လုပ်ရမယ့် အလုပ်တစ်ခုအဖြစ်လည်း တစ်နှစ်ထက်တစ်နှစ် ပိုသိလာရပါတယ်။ ဘယ်အရာမှမမြဲတဲ့ လောကကြီးထဲမှာမြဲတဲ့တရားတစ်ခုကို ရှာဖွေခြင်းအလုပ်ဟာ လူတိုင်းလုပ်သင့်တဲ့အလုပ်လို့လည်း မြင်မိပါတယ်။

ကျွန်မတို့တွေဟာ လူရယ်လို့ဖြစ်လာကတည်းက အကောင်း၊ အဆိုးလောကဓံအမျိုးမျိုးကို ရင်ဆိုင်ရလေ့ရှိပါတယ်။ ကိုယ်လိုချင်တာလေးရလာတဲ့အခါ ဝမ်းသာပျော်ရွှင်လိုက်ရ၊ ကိုယ်မကြိုက်တာ၊ ကိုယ်မဖြစ်ချင်တာကိုဖြစ်ရတဲ့အခါ စိတ်ပျက်၊ ဝမ်းနည်းပူဆွေးရနဲ့ သံသရာလည်နေရတာပါပဲ။ ရည်မှန်းချက်တွေ၊ ပန်းတိုင်တွေဆိုတာကလည်း ရပ်တန့်နေတယ်လို့မရှိပါဘူး။ ဒီတစ်ခုပြည့်စုံတော့ နောက်တစ်ခုလိုချင်တာပေါ်လာတတ်တာပါပဲ။ ဘယ်မှာလာပြီး ဆုံးခန်းတိုင်တယ်များရှိပါသလဲ။ ဒီလိုလောဘ၊ ဒေါသ၊ မောဟတရားတွေနဲ့ လုံးချာလည်လိုက်နေတဲ့ ဘဝကြီးကနေ လွတ်မြောက်အောင်ကလည်း ဝိပဿနာတရားအားထုတ်ခြင်းကလွဲလို့ နည်းလမ်းမရှိပါဘူး။

ဖုံထူထူနေပူပူထဲသွားနေရတဲ့ ခရီးသွားတစ်ယောက်အတွက် အေးမြတဲ့အရိပ်အာဝါသက အင်အားတစ်ရပ်ဖြစ်စေပါတယ်။ အရိပ်တကာတို့တွင် အလွန်အေးချမ်းတဲ့မိဘ၏ ရင်ခွင်က ရှေ့ဆက်ရမည့်ခရီးလမ်းအတွက် အားဆေးတစ်ခွက်ပါ။ သံသရာမှာကျင်လည်ရမယ့် ခရီးသည်တစ်ယောက်အတွက်တော့ ဗုဒ္ဓဘုရားရှင်၏တရားရင်ခွင်က တုနှိုင်းမဲ့အေးချမ်းသာယာမှုကိုပေးစွမ်းပါတယ်။ ဂေါတမဗုဒ္ဓက ခန္ဓဝဂ္ဂသံသုတ်မှာ-

'ရဟန်းတို့၊ လောက၌ပညာရှိတို့က ရှိသည်ဟုသမုတ်ထားသော တရားကိုငါဘုရားကလည်းရှိသည်ဟုပင်ဆို၏။ ပညာရှိတို့က မရှိဟုသမုတ်ထားသောတရားကို ငါဘုရားကလည်းမရှိဟုဆို၏။ ရဟန်းတို့၊ ငါဘုရားသည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့၏ ပျက်စီးတတ်သောသဘောကိုကိုယ်တိုင်သိ၏။ ထိုးထွင်း၍သိ၏။ ကိုယ်တိုင်သိပြီး၍ ထိုးထွင်းသိပြီး၍ ဟောပြော၏။ သို့သော်လည်း အကြင်သူသည် ဉာဏ်မျက်စိမရှိ၍ မသိမမြင်နိုင်။ ဉာဏ်မျက်စိမရှိ၍ မသိမမြင်သော ထိုအန္ဓဗာလပုထုဇဉ်တို့ကို ငါဘုရားသည် အဘယ်သို့ပြုလုပ်နိုင်မည်နည်း'။ တကယ်တော့လည်းခက်ခဲနက်နဲလှတဲ့ ခန္ဓာရဲ့ရုပ်သဘော၊ နာမ်သဘောတွေဟာလည်း ထက်မြက်တဲ့ဉာဏ်နဲ့မှသာ ဖောက်ထွင်းသိနိုင်မှာပါ။ ထိုအသိဉာဏ်ဖြစ်ပေါ်ဖို့အလို့ငှာ ကျွန်မတို့တွေ တရားအားထုတ်ရခြင်းပါ။ ရေကြောင့်ဖြစ်တဲ့ရွှံ့နွံကို ရေနဲ့ဆေးကြောရသလိုပဲ၊ စိတ်ကြောင့်ဖြစ်တဲ့ကိလေသာကို စိတ်နဲ့ပဲဆေးကြောရမှာပါ။

ကျွန်မတို့တွေအားလုံးဟာ ခန္ဓာဝန်စတင်ထမ်းဆောင်ရကတည်းက ဒွါရ ၆ ပေါက်၊ သားကောင် ၆ ကောင်ဆွဲငင်ရာနောက်ကို စက္ကန့်နှင့်အမျှလိုက်ပါရင်းမောနေကြရပါတယ်။ ဒွါရ ၆ ပေါက်ဆိုတာက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ပါ။ ဒါတွေက အခံဓာတ်တွေပေ့ါ၊ သားကောင် ၆ ကောင်က အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာပါ။ ဒါတွေကတော့ အတိုက်ဓာတ်ပါ။ အခံဓာတ် ၆ ပါးကို အတိုက်ဓာတ် ၆ ပါးနဲ့လာရောက်ထိခတ်မိသမျှမြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ တွေ့ထိစိတ်၊ ကြံတွေးစိတ်စသည်ဖြင့်အပွင့်ဓာတ် ၆ ပါးဖြစ်ပေါ်ရာဝေဒနာများနောက်သို့ တမ်းတမ်းစွဲလိုက်ရင်းကျွန်မတို့တွေဟာခန္ဓာဝန်ကိုတစ်ဘဝပြီးတစ်ဘဝထမ်းနေရတာပါပဲ။ ငရုတ်သီးထဲကပိုးဟာငရုတ်သီးပူကို မသိသလိုမျိုးပဲ။ ကျွန်မတို့တွေဟာမဆုံးနိုင်တဲ့ ကိလေသာတရားတွေနောက်လိုက်ရင်း သံသရာလည်နေရတော့တာပါပဲ။ မဆုံးနိုင်တဲ့ သံသရာစက်ဝိုင်းကြီးထဲကနေလွတ်မြောက်ရာတစ်ကြောင်းတည်းသော လမ်းဟာလည်း သတိပဋ္ဌာန်တရားအားထုတ်ခြင်းပါပဲ။ သတိပဋ္ဌာန် တရား ၄ ပါးရှိပါတယ်။



၁။ ကာယနုပဿနာသတိပဋ္ဌာန်
၂။ ဝေဒနာနုပဿနာသတိပဋ္ဌာန်
၃။ စိတ္တာနုပဿနာသတိပဋ္ဌာန်
၄။ ဓမ္မာနုပဿနာသတိပဋ္ဌာန် တို့ဖြစ်ပါတယ်။ သတိဆိုတာက မမေ့မလျော့အမှတ်ရမှုပါ။ ပဋ္ဌာန်ဆိုတာက သတိ၏ အာရုံဖြစ်တဲ့ ကာယ၊ ဝေဒနာ၊ စိတ္တာ၊ ဓမ္မာတို့၌အမြဲမပြတ်စွဲကပ်၍ တည်နေမှုကိုဆိုလိုပါတယ်။ ဗုဒ္ဓဘုရားရှင်ကသတ္တဝါတို့၏ ပါရမီအနုအရင့် ဣန္ဒြေအတိုင်းအဆကိုသိသောဉာဏ်ဖြင့် တရားအားထုတ်သူတို့အတွက် မိမိတို့စရိုက်နှင့်လျော်ညီသည့် သတိပဋ္ဌာန်ကို မိမိတို့ဘာသာစိစစ်ရွေးချယ်ရန် ညွှန်ပြတော်မူခဲ့ပါတယ်။

၁။ ကိလေသာများပြီး ဉာဏ်ထိုင်းသူဆိုလျှင် ကာယနုပဿနာသတိပဋ္ဌာန်
၂။ ကိလေသာများပြီး ဉာဏ်ထက်မြက်သူဆိုလျှင် ဝေဒနာနုပဿနာသတိပဋ္ဌာန်
၃။ ဉာဏ်ထိုင်းပြီးဒိဋ္ဌိစရိုက်များသူဆိုလျှင် စိတ္တာနုပဿနာသတိပဋ္ဌာန်
၄။ ဉာဏ်ထက်ပြီး ကိလေသာနည်းပါးသူဆိုလျှင် ဓမ္မာနုပဿနာသတိပဋ္ဌာန်တို့ ဖြစ်ပါတယ်။

'အသစ်ကိုလို၊ အအိုကိုပစ်
ချစ်သည့်အပျို၊ အိုမြဲဆို'

ယောကျ်ားရယ်၊ မိန်းမရယ်မှမဟုတ် အချိန်တွေကြာလာရင် ပုထုဇဉ်လူသားတိုင်းငြီးငွေ့လွယ်ခြင်းဟာ ဓမ္မတာဖြစ်ရိုးဖြစ်စဉ်လိုဖြစ်နေတာကြောင့် အခက်တွေ့ကြရပါတယ်။ ကျွန်မတို့တွေဟာ ဖန်တီးမှုအသစ်တွေ၊ ရုပ်ဝတ္ထုအသစ်တွေကို လိုချင်တယ်။ ရင်ခုန်သံအသစ်များကိုမြတ်နိုးတယ်။

သို့ဆိုလျှင်-

'အသစ်ဆိုသည်မှာ-ဘာလဲ'
'သစ်လွင်ခြင်းရဲ့အဓိပ္ပါယ်ကအဘယ်နည်း'
'တကယ်တော့အသစ်ဆိုတာ၊ အဟောင်းရဲ့မူလအစဖြစ်၍ အဟောင်းဆိုတာအသစ်၏ အခြေခံပဲမဟုတ်ပါလား'
'တစ်ခုရဲ့အဆုံးဟာ နောက်တစ်ခုရဲ့အစပဲမဟုတ်ပါလား'

ကျွန်မတို့တွေနောက်ထပ်ဘယ်လောက်အသစ်တွေကို ပိုင်ဆိုင်ရပါစေ၊ တစ်ချိန်ကျရင်တော့ ဟောင်းနွမ်းဆွေးမြေ့ရမှာပဲမဟုတ်ပါလား၊ တစ်နေ့ပြီးတစ်နေ့ အိုမင်းရင့်ရော်လာခြင်း ဇရာ၊ နာမကျန်းရောဂါဝေဒနာခံစားရခြင်းဗျာဓိ၊ သေခြင်းမရဏတရားတို့ကို ဘယ်လောက်ထက်မြက်တဲ့တန်ခိုးရှင်၊ အာဏာရှင်မှ ရွှေ့ဆိုင်းဖယ်ရှားနိုင်စွမ်းမရှိပါ။

ကျွန်မတို့တွေဟာ မွေးဖွားလာကတည်းကတစ်နေ့နေ့မှာ သေကိုသေရမယ်။ သေမိန့်ကျခံလူတန်းစားတွေပါပဲ။ အာရုံအမျိုးမျိုး၊ ဆွဲဆောင်မှုအမျိုးမျိုးရဲ့အောက်မှာကျွန်မတို့တွေ မေ့လျော့ပျော်ပါးနေပေမယ့်လည်း တစ်ချိန်ကျရင်တော့ သေမင်းရဲ့ခေါ်ဆောင်ရာနောက်ကိုလိုက်ပါရမယ့်သူတွေချည်းပါ။ သေမင်းရဲ့နိုင်ငံကလွတ်မြောက်ချင်ရင်၊ ဘယ်တော့မှမသေတော့မယ့်နေရာကိုသွားချင်ရင် ကိလေသာတွေတဖြည်းဖြည်းပါးအောင်အားထုတ်ရင်းနဲ့လုံးဝအမြစ်ပြတ် ပယ်သတ်နိုင်တဲ့နေ့ဟာသေမင်းနိုင်ငံက အပြီးတိုင်လွတ်မြောက်တဲ့နေ့ဖြစ်မှာပါ။ တစ်နည်းအားဖြင့် ဝိပဿနာတရားကျင့်ကြံပွားများနေခြင်းဟာ သေမင်းထံမှာ အယူခံဝင်နေခြင်းလည်းမည်ပါတယ်လေ။

❑

# လူတိုင်းအကျုံးဝင်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းအတွေ့အကြုံဆွေးနွေး




ပညာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့်အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့ပူးပေါင်းဖွင့်လှစ်သည့် Experience Sharing Workshop Skills Development for Inclusive Growth (ADB TA-8634 MYA) လူတိုင်းအကျုံးဝင်ဖွံ့ဖြိုးမှုအတွက် ကျွမ်းကျင်မှုများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းအတွေ့အကြုံဆွေးနွေးပွဲကို ဧပြီလ ၂၆ ရက်နေ့မှ ဧပြီလ ၂၇ ရက်နေ့အထိ နေပြည်တော်၊ မင်္ဂလာသီရိဟိုတယ်၊ Bagan Hall ၌ ကျင်းပပြုလုပ်ခဲ့ရာ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦး ဝင်းမော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်၊ စက်မှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်၊ ညွှန်ကြားရေးမှူးချုပ်ဦးကိုကိုတင်နှင့် ADB MYRM မှ Principal Social Sector Specialist Dr.Chris Spohr တို့က အဖွင့်အမှာစကားပြောကြားပြီး၊ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန၊ စက်မှုအထက်တန်းကျောင်းများနှင့် စက်မှုဝန်ကြီးဌာန၊ စက်မှုသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ/ဆရာမများ၊ ADB သင်တန်းဆင်းကျောင်းသား/သူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ NGOs များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စက်မှုဇုန်များမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် အရည်အသွေးမြှင့်တင်ခြင်းနှင့် သင်ရိုးညွှန်းတမ်းရေးဆွဲခြင်း၊ ကျွမ်းကျင်မှုအခြေပြုကာလတိုသင်တန်းများ CBMSCs ဆောင်ရွက်ခြင်းနှင့်သင်တန်းသားများ၏ ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ခြင်း၊ လေ့လာအကဲဖြတ်မှုမေးခွန်းလွှာအကြောင်း အကျဉ်းချုပ်/ လေ့လာအကဲဖြတ်မှုမှတွေ့ရှိချက်များစသည့် အကြောင်းအရာခေါင်းစဉ်နှင့်သက်ဆိုင်သည်များ၊ စိန်ခေါ်ချက်များနှင့်အတွေ့အကြုံများကို ရှင်းလင်းမျှဝေဆွေးနွေးခဲ့ကြပြီး မျှော်မှန်းအကြံပြုချက်များနှင့်အတူသိလိုသည်များကို ဆွေးနွေးမေးမြန်းခြင်းများဆောင်ရွက်ကြကာလေ့လာရေးခရီးစဉ်အဖြစ် အစိုးရနည်းပညာအထက်တန်းကျောင်း (နေပြည်တော်) သို့ ကွင်းဆင်းလေ့လာခဲ့ကြကြောင်းသိရသည်။

# ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ် ပညာပေးပြပွဲ၊ ဟောပြောပွဲများကျင်းပ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ပူးပေါင်း၍ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ထိခိုက်မှုလျော့နည်းရေးအတွက် မေလဒုတိယပတ်ကို ကမ္ဘာလုံးဆိုင်ရာယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်ကျင်းပရန်သတ်မှတ်ထားရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (မန္တလေးတိုင်းဒေသကြီး) ရုံးတွင် မေလ ၈ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပညာပေးပြပွဲများ၊ ဟောပြောပွဲများကျင်းပလျက်ရှိသည်။

ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်အဖြစ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဆောင်ပုဒ်စတေကာများအား မော်တော်ယာဉ်များ၏ ရှေ့လေကာမှန်အတွင်းဘက်တွင် Slogan Stiker ဖြင့်ကပ်ခြင်း၊ ပညာပေးပိုစတာများစိုက်ထူခြင်း၊ လမ်းဆုံ၊ လမ်းခွများနှင့် လူစည်ကားရာနေရာများ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လာရောက်ဆောင်ရွက်ကြသော ယာဉ်ပိုင်ရှင်များထံ လက်ကမ်းစာစောင်များဝေငှခြင်း၊ ပညာပေးဟောပြောပွဲများကျင်းပလျက်ရှိသည်။ ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးပြပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆောင်ရန်/ရှောင်ရန်များ၊ မော်တော်ဆိုင်ကယ်မောင်းနှင်ခြင်း မပြုမီစစ်ဆေးရမည့်အချက်များ၊ မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာရမည့်စည်းကမ်းများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းဖြစ်ပေါ်ခဲ့သည့် ယာဉ်မတော်တဆမှုများ၊ ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း၊ သင်တန်းပို့ချခြင်း၊ ခေတ်မီစက်များဖြင့် ယာဉ်မောင်းနှင်မှုစစ်ဆေးခြင်း၊ ယာဉ်ကြံ့ခိုင်မှုစစ်ဆေးသည့်စက်များပြသထားရာ စိတ်ဝင်စားစွာလာရောက်လေ့လာကြသည်။

**သီဟကိုကို (မန်း)**

**စာမျက်နှာ ၂၁ မှ-**

တယ်လီဖုန်းဆက်သွယ်မှုများ၊ ဖျော်ဖြေမှုအစီအစဉ်များနှင့် မော်တော်ယာဉ်၏အခြေအနေများကို ရုပ်ထွက်စနစ်ကောင်းမွန်သည့် 10.25" Touch Screen ပေါ်တွင်ဖော်ပြပေးသွားမည်ဖြစ်သည်။ ၎င်းလုပ်ဆောင်မှုများကို iDrive စနစ်ဖြင့်လည်းကောင်း၊ voice command ဖြင့်လည်းကောင်း၊ လက်ဟန်အမူအရာဖြင့်လည်းကောင်း၊ Screen အား တိုက်ရိုက်ထိတွေ့မှုဖြင့်လည်းကောင်း ယာဉ်မောင်းသူစိတ်တိုင်းကျ အသုံးပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။

BMW Head-Up Display ကိုလည်း နောက်ဆုံးပေါ်နည်းပညာအသုံးပြုထားသည့်အတွက် ယခင်ထက် ၇၀ ရာခိုင်နှုန်းပိုမိုကျယ်ဝန်းပြီး ယာဉ်အသွားအလာသင်္ကေတများ၊ တယ်လီဖုန်းဆက်သွယ်မှုများ၊ ရေဒီယို Station များ၊ သီချင်းများ၊ ယာဉ်မောင်းအထောက်အကူပြုသင်္ကေတများကို အရောင်စုံလင်စွာဖြင့် ပြတ်သားထင်ရှားစွာ ဖော်ပြပေးမည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် အမြင့်မားဆုံးသောသက်တောင့်သက်သာရှိမှုကိုရရှိဖို့အတွက် ပိုမိုကျယ်ဝန်းတဲ့အတွင်းခန်းအပြင်အဆင်နှင့်အတူ လေသန့်စင်မှုစနစ်၊ 4-zone ထိန်းချုပ်နိုင်သည့် လေအေးပေးစနစ်၊ ကားအတွင်းခန်းအား မွှေးပျံ့နေဖို့အတွက် အရက်ပျံပါဝင်မှုမရှိသော မွှေးရနံ့ ၂ မျိုးရွေးချယ်အသုံးပြုနိုင်မည့် Ambient Air စနစ်တို့အပြင် ယာဉ်မောင်းသူနှင့်လိုက်ပါစီးနင်းသည့်ထိုင်ခုံများတွင် Massage function ပါဝင်ပါသည်။ ၎င်းအပြင် အဆင့်မြင့်နည်းပညာများကြောင့် ကားအတွင်းပိုင်းသို့ ပြင်ပမှဆူညံသံများဝင်ရောက်မှုကိုလည်း လျှော့ချပေးမှာဖြစ်သည်။

The all-new BMW 5 Series ၌ တပ်ဆင်ထားသော Adaptive LED Headlights သည် အလင်းအားကိုလိုအပ်သလိုထိန်းညှိပေးနိုင်ကာ မီတာ ၅၀၀ အကွာအဝေးအထိ အလင်းရရှိမှာဖြစ်ပြီး BMW မှအသစ်တီထွင်ဆန်းသစ်ထားသော BMW Twin Power Turbo နည်းပညာအသုံးပြုအင်ဂျင်အသစ်သည် 2.0 Liter four-cylinder in-line အင်ဂျင်ဖြစ်ပြီး torque အနေဖြင့် 350 Nm ရှိကာ ၂၅၂ မြင်းကောင်ရေအားရရှိမှာဖြစ်သည်။ ဆီစားနှုန်းအနေ ဖြင့် ၁၀၀ ကီလိုမီတာလျှင် ၅. ၅ လီတာဖြစ်ပြီး $CO_2$ ထုတ်လွှတ်မှုမှာ ၁ ကီလိုမီတာလျှင် ၁၂၆ ဂရမ်သာရှိသည့်အတွက် ယခင် BMW 5 Series ထက် ၁၁ ရာခိုင်နှုန်းထိ လျှော့ကျသွားမည်ဖြစ်ပြီး The all-new BMW 530i ၏အမြန်ဆုံးအမြန်နှုန်းအနေဖြင့် တစ်နာရီလျှင် ၂၅၀ ကီလိုမီတာအထိ မောင်းနှင်နိုင်မည်ဖြစ်ကြောင်းသိရသည်။

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

**စာတည်းမှူးချုပ်**
ဦးကျော်လှိုင်

**ဒုတိယစာတည်းမှူးချုပ်**
ဦးစည်သူဝင်း

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဦးဟိန်းမင်းဇော

**စာမျက်နှာအပြင်အဆင်**
ဒေါ်ခင်ဌေးဝင်း၊ ဒေါ်ခင်သီတာမိုး

**ဖြန့်ချိရေးနှင့်ပြင်ပဆက်ဆံရေး**
ဦးအောင်ကြည်၊ ဦးမင်းထွဏ်းဦး

**ထုတ်ဝေသူ**
ဦးအောင်စိုးရ
ထုတ်ဝေခြင်းလုပ်ငန်း
အသိအမှတ်ပြုလက်မှတ်အမှတ် – ၀၀၅၀၁

**ပုံနှိပ်သူ/ပုံနှိပ်တိုက်**
ဦးမောင်မောင်လှ
ရွှေနိုင်ငံ (၀၀၂၉၆)
ရန်ကုန်မြို့
**စောင်ရေ** ၃၆၅၀

**ဂျာနယ်တိုက်လိပ်စာ**
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း – ၀၆၇ – ၄၀၅၀၅၇
၀၁ – ၂၅၀၆၅၁

E-mail
beaconofindustry@gmail.com

စက်မှုအလင်းဂျာနယ် Beacon of Industry Journal


# ကြေးပိဋကတ်တော် လှူဒါန်းနေပါသည်

သာရတ္ထဒီပနီဋီကာ(၁)တွဲ ကြေးပိဋကတ်တော် အလှူရှင်



ကွယ်လွန်သူ ဦးသန်းစိန်အား ရည်စူး၍
ရန်ကုန်မြို့ သာကေတမြို့နယ်၊
၃ ရပ်ကွက်၊ မာန်ပြေ ၁၁ လမ်းနေ
အဘဦးဆန်း၊ သား မောင်ဝင်းနိုင်ဦး၊
မဥမ္မာမြင့် မိသားစု နှင့် ဇနီး ဒေါ်ကြည်ရွှဲ၊
သမီး မောင်ပြည့်ဖြိုးအောင်၊
မပြည့်ဖြိုးအိအိ မိသားစုတို့မှ
ကြေးပြား (၁၀)ချပ် ၊ တန်ဖိုး - ၂၆၀၀၀၀ ကျပ်ကို
ကြေးပိဋကတ်ဦးဆောင်ဆရာတော်ထံ
လာရောက်လှူဒါန်းပါသည်။

ဆက်သွယ်လှူဒါန်းရာဌာန - မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်ကြီး၊ ကမ္ဘာအေးဘုရားလမ်း၊ (ရွှေကောင်းဘောဇေဓါရွှေ)၊ ကြားတောရရပ်ကွက်၊ မဟာနီးမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁၅၄၈၈၀၅၊ ၀၉ ၅၁ ၉၅၂၀၆၊ ၀၉ ၄၉၃ ၁၆၂၁၃။


# ရေရှည်ရပ်တည်ရန် ခက်ခဲလာသော စလူယပ်တောင်လုပ်ငန်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင်သာထုတ်လုပ်ဖြန့်ဖြူးရောင်းချသောစလူယပ်တောင်လုပ်ငန်းမှာ ကျွမ်းကျင်လုပ်သားရှားပါးမှုနှင့် အဓိကကုန်ကြမ်းဖြစ်သော စလူခင်းများပြုန်းတီးစပြုလာသဖြင့် ရေရှည်လုပ်ကိုင်ရပ်တည်ရန်ခက်ခဲလာကြောင်း ပုသိမ်မြို့ရှိ စလူယပ်တောင်လုပ်ငန်းလုပ်ကိုင်သူများထံက သိရသည်။

ပုသိမ်မြို့တွင် စလူယပ်တောင်လုပ်ငန်းထုတ်လုပ်ရောင်းဝယ်သည့်လုပ်ငန်းရှင်မှာ ယခင်ကရှစ်ဦးခန့်ရှိသော်လည်း ယခုအခါ လေးဦးခန့်သာရှိပြီး တစ်နိုင်တစ်ပိုင်လုပ်ကိုင်သူများလည်းရှိသည်။ စလူယပ်တောင်များမှာ မြန်မာနိုင်ငံတစ်ဝန်းလုံးသာမက ပြင်သစ်၊ ဂျာမနီနှင့်အရှေ့တောင်အာရှနိုင်ငံအချို့သို့ပါ ဈေးကွက်နှင့်ဝယ်လိုအားရှိသော်လည်း စလူရွက်ရရှိမှုခက်ခဲလာသဖြင့် ဆက်လက်လုပ်ကိုင်ရန်ခက်ခဲလာကြောင်းသိရသည်။

စလူပင်မှ စလူရွက်များကို မြောင်းမြ၊ လပွတ္တာ၊ သာပေါင်း၊ ငပုတော၊ ပုသိမ်မြို့နယ်တို့မှထွက်ရှိသည်။ စလူယပ်တောင်လုပ်ငန်းကို ပုသိမ်မြို့ ဘိုကြီးကုန်း၊ လှည်းကျော်ကုန်း၊ မငြိမ်းလှကုန်း၊ ကျောက်စရစ်ကုန်း၊ ချဉ်ပေါင်ကုန်း၊ ရာမညနှင့်ဇေယျဝတီ စသည့်ရပ်ကွက်တို့တွင် စလူယပ်တောင်ရက်လုပ်သည့်လုပ်ငန်းကို လုပ်ကိုင်ကြကြောင်းသိရသည်။

**ဆွေဝင်းမောင်**



# ပထမဆုံး ပေါင်းဆန်စက်ရုံဖွင့်လှစ်

မြန်မာနိုင်ငံအခြေစိုက် စိုက်ပျိုးရေးလုပ်ငန်း Agrastar အရည်အသွေးမြင့်ပေါင်းဆန်စက်ရုံကို Chin Corp Myanmar, Agrocorp international နှင့် River West Capital တို့အကျိုးတူပူးပေါင်း၍ နိုင်ငံတကာဈေးကွက်၊ အထူးသဖြင့် ဥရောပသို့ အရည်အသွေးမြင့် စိုက်ပျိုးထုတ်ကုန်များတင်ပို့ရန် ရည်ရွယ်၍ တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း မေလ ၅ ရက်နေ့က ဖွင့်လှစ်သည့် အဆိုပါစက်ရုံဖွင့်ပွဲအခမ်းအနားတွင် Agrastar ၏ ဒါရိုက်တာအဖွဲ့ဝင်ဦးဟန်လင်းထွန်းမှပြောကြားသည်။

'စက်ရုံစတင်လည်ပတ်တဲ့အချိန်မှာတော့ ကနဦးထုတ်လုပ်တဲ့အနေနဲ့တစ်နေ့ကိုတန် ၂၅၀ ကျထုတ်လုပ်မှာပါ။ နောက်ဆုံးပေါ်ခေတ်မီနည်းပညာများနဲ့ထုတ်လုပ်တဲ့ Automatic စက်များနဲ့သာလည်ပတ်မှာဖြစ်ပြီး၊ တစ်နှစ်စပါးတန်ချိန် ၇၅,၀၀၀ ကိုကြိတ်ခွဲမှာပါ။ အဲဒီနောက် အရည်အသွေးမြင့် ပေါင်းဆန်၊ လုံးတီးဆန်နဲ့ဆန်ဖြူအဖြစ်ထုတ်လုပ်မှာဖြစ်ပါတယ်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါစက်ရုံ၏ ထုတ်လုပ်မှုစွမ်းအားကို ၂၀၁၈ ခုနှစ် အကုန်တွင် နှစ်ဆအထိတိုးချဲ့၍ တစ်နေ့တန် ၅၀၀ ကျထုတ်လုပ်ရန် ရည်ရွယ်ထားပြီး မြစ်ဝကျွန်းပေါ်ရှိအခြားနေရာများကိုပါ တိုးချဲ့လုပ်ဆောင်ရန် မျှော်မှန်းကြောင်းသိရသည်။

**မင်းထွဏ်း**

# တရုတ်မှတိုးမြှင့်ဝယ်ယူမှုကြောင့် ပြည်တွင်းဆန်ဈေးတက်

**ဝင်းမြင့်ဦး**

သင်္ကြန်ပွဲတော်အပြီး တရုတ်ကုန်သည်များ ဆန်အဝယ်မြင့်တက်ခြင်းကြောင့် ပြည်တွင်းဈေးကွက်တွင် ဆန်ကြမ်းဈေးမြင့်တက်လာကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဌ ဒေါက်တာစိုးထွန်းက ပြောသည်။

ယခုရက်ပိုင်းတွင် တရုတ်နိုင်ငံက တစ်ရက်လျှင်ဆန်အိတ်ရေ လေးသောင်းမှငါးသောင်းကြား အဝယ်ရှိလာ၍ တစ်ရက်လျှင်ဆန်အိတ်ရေ ရှစ်သောင်းမှတစ်သိန်းကြား အဝယ်ရှိခဲ့သည်။

ပြည်တွင်းဈေးကွက်တွင် ဆန်ကြမ်းရှယ်တစ်အိတ်လျှင် ကျပ် ၁၈,၀၀၀ မှ ၁၉,၅၀၀ သို့မြင့်တက်လာသည်ဟု ဘုရင့်နောင်ရှိဆန်ကုန်သည်အချို့ကပြောသည်။ မြန်မာနိုင်ငံမှ ပြည်ပသို့ဆန်တင်ပို့မှုတွင် တရုတ်နိုင်ငံသည် အရေးကြီးသည့်ဈေးကွက်အဖြစ်တည်ရှိနေပြီး ၂၀၁၆ ခုနှစ် မိုးစပါးပေါ်ချိန်က တရုတ်နိုင်ငံရှိ ဆန်အဝယ်လျော့ကျမှုကြောင့် ဆန်ဈေးကျဆင်းပြီး လယ်သမားတို့ အခက်အခဲများ ကြုံတွေ့ခဲ့ရဖူးသည်။




# ပြည်ပစပျစ်သီးထက် ပြည်တွင်းစပျစ်သီး ဈေးနှုန်းထက်ဝက်ခန့် လျော့နည်း

**ရန်ဖြိုးသိမ်း**

ပြည်တွင်းစပျစ်ဈေးကွက်တွင် တရုတ်နှင့်ထိုင်းမှဝင်လာသော စပျစ်ဈေးကွက်နှင့်ယှဉ်ပါက ပြည်တွင်းစပျစ်သည် ပြည်ပ (တရုတ်/ထိုင်း) စပျစ်များထက် ထက်ဝက်ခန့်လျော့နည်းနေကြောင်းသိရသည်။

ပြည်ပစပျစ်ဈေးကွက်နှင့်ဈေးကွက်ချင်းယှဉ်နိုင်ရန် အရည်အသွေးကောင်းစပျစ်များစိုက်သင့်ကြောင်း၊ အစေ့နည်းပညာသုံးစပျစ်မျိုးထုတ်လုပ်ရာတွင် နည်းပညာများလိုအပ်နေခြင်းကြောင့် ပြည်ပဈေးကွက်ထက်လျော့နည်းနေရကြောင်း စပျစ်ခြံပိုင်ရှင်တစ်ဦးထံမှသိရသည်။



နည်းပညာလိုအပ်ချက်တွေအပေါ် သေချာသုံးသပ်ပြီးဆောင်ရွက်သွားပါက ထိုင်း၊ တရုတ်စပျစ်များဖြင့် ဈေးကွက်တွင်ယှဉ်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အများဆုံးစိုက်ပျိုးသည့် စပျစ်မျိုးများတွင် No.3 ၄၀%၊ Big Black ၊ ရွှေနီ၊ ကာဒီနန်နှင့် အခြားစပျစ် ၂၀%ခန့် စိုက်ပျိုးကြပြီး လက်ရှိ စပျစ်စိုက်ဧက ၅,၀၀၀ ခန့်ရှိကြောင်း စပျစ်ခြံပိုင်ရှင်များပြောပြချက်အရသိရသည်။

# ဪ...ဒုက္ခ...ဒုက္ခ ‘ငါ’ တရားခံပါလား

မောင်ညာဏ် (ရုံးချုပ်)

‘ဒုက္ခ. . . ဒုက္ခ’ ယခုခေတ်တွင် ဒုက္ခဟု မတဖူးသူ မရှိသလောက်ပင် ဖြစ်လိမ့်မည်။ ဒုက္ခဟူသောတရားကို သတ္တဝါတိုင်းလိုလားကြမည်မထင်။ သို့သော်ဒုက္ခသည် သတ္တဝါတိုင်းတွင် ဖွားဖက်တော်ပမာဖြစ်နေပြန်သည်။ ဒုက္ခသည် ပူဇော်ပသ၍လည်း ကျွန်ုပ်တို့အား မျက်နှာသာမပေး၊ လာဘ်ထိုး၍လည်းမသက်ညှာ၊ မလာပါနဲ့ဟု တားသော်လည်းမရ၊ ခက်ပါဘိ ဒုက္ခရယ်။

ဒုက္ခကိုမြန်မာလိုပြန်လျှင် ဆင်းရဲခြင်းဟုအဓိပ္ပာယ်ရသည်။ လူသားတိုင်း ဆင်းရဲနေကြသလားဟုမေးစရာရှိသည်။ အမှန်ဆုံးအဖြေကိုပေးလျှင် လူသားတိုင်းဆင်းရဲနေကြသည်ဟု ဖြေရမည်ဖြစ်သည်။ အဘယ်ကြောင့် လူသားတိုင်းဆင်းရဲနေပါသည်ဟုမေးစရာရှိလာပြန်သည်။ မြတ်ဗုဒ္ဓက ဓမ္မစကြာသုတ္တန်၌ ပဋိသန္ဓေနေရခြင်းသည် ဒုက္ခ၊ အိုမင်းရင့်ရော်ရခြင်းသည် ဒုက္ခ၊ သေရခြင်းသည် ဒုက္ခဟုဟောတော်မူထားလေသည်။ ထို့ကြောင့် လူသားများသာမကသက်ရှိသတ္တဝါအားလုံးမွေးဖွားခြင်း၊ အိုခြင်း၊ သေခြင်းတရားတို့မကင်းကြ၍ ဆင်းရဲနေပါသည်ဟု ဖြေရမည်ဖြစ်သည်။

ဒုက္ခသုံးမျိုးရှိသည်။ ခလုတ်ထိခြင်း၊ ဆူးငြိခြင်း၊ ကြာကြာထိုင်၍နာကျင်ကိုက်ခဲလာခြင်း၊ ရောဂါတစ်ခုခုကြောင့်နာကျင်ခံခက်ခြင်းစသည်တို့သည် ခန္ဓာကိုယ်ဒုက္ခပေါ်နောက်ထပ်ဒုက္ခဆင့်သောကြောင့် ဒုက္ခ. . ဒုက္ခဟုခေါ်သည်။

ဆာလောင်ခြင်း၊ သွားကျိုးခြင်း၊ ဆံဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ နားထိုင်းလာခြင်းစသည်တို့သည် ငယ်ရုပ်အမူအရာ၊ ကြီးရုပ်အမူအရာသို့ပြောင်းလဲလာသောကြောင့် ဝိပရိဏာမဒုက္ခဟုခေါ်သည်။ ၎င်းဒုက္ခနှစ်မျိုးသည် ပြုပြင်ပြောင်းလဲ အစားထိုးကုစား၍ရသော ဒုက္ခများဖြစ်သည်။ ခလုတ်ထိခြင်း၊ ဆူးငြိခြင်းသည် ခဏဒုက္ခ အပယိကဒုက္ခများဖြစ်သည်။ ဆာလောင်ခြင်းသည် အစာစားလိုက်လျှင် ပျောက်သွားပေမည်။ ကြာကြာထိုင်၍နာကျင်လာလျှင် ဣရိယာပုထ်ပြောင်းလိုက်လျှင်နာကျင်ခြင်းတို့ပျောက်သွားသည်။ သွားကျိုးသွားလျှင်နာကျင်ခြင်းတို့ပျောက်သွားသည်။ သွားကျိုးသွားလျှင် သွားစိုက်၍လည်းကောင်း၊ နားထိုင်းလာခြင်းကို နားကြားကိရိယာတပ်၍လည်းကောင်း၊ ဆံဖြူလာခြင်းကို ဆံပင်ဆေးဆိုး၍လည်းကောင်း၊ မျက်စိမှုန်လာခြင်းကို ပါဝါမျက်မှန်တပ်၍လည်းကောင်း၊ အတိုင်းအတာတစ်ခုအထိ အစားထိုးကုစား၍ရလေသည်။

ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်ဖြစ်သောပဋိသန္ဓေနေခြင်း၊ အိုမင်းရင့်ရော်ခြင်း၊ သေဆုံးခြင်း၊ ရုပ်နာမ်တရားတို့၏ နိဗ္ဗာန်မရမခြင်း၊ ဘဝဆက်ဆက်မရပ်မနားတရစပ်ဖြစ်လိုက်၊ ပျက်လိုက်ဖြင့် နှိပ်စက်နေခြင်းကို သင်္ခါရဒုက္ခဟုခေါ်သည်။ ပဋိသန္ဓေဖြစ်ပေါ်ခြင်းသည် ဧကန်သေဆုံးဖို့ရာဖြစ်လာခြင်းဖြစ်သောကြောင့် ဒုက္ခသစ္စာဆင်းရဲခြင်း အမှန်မည်၏။ မည်သူမျှပြုပြင်ပြောင်းလဲ၍မရ၊ ဘယ်တန်ခိုးရှင်မှ မသေဖို့ရာမစွမ်းနိုင်ပေ။ အိုမင်းရင့်ရော်လာခြင်းသည်လည်း အသက်အရွယ်ကြီးလာမှ အိုလာသည်မဟုတ်။ ပျော့ရာမှမာ၊ နုရာမှရင့်၊ ရင့်ရာမှခြောက်သွေ့လာခြင်းသဘောသည် အိုခြင်းလက္ခဏာပင်ဖြစ်သည်။ သန္ဓေတည်စအမိဝမ်းအတွင်းမှာပင် ကလလ ရေကြည်မှအမြှုပ်၊ အမြှုပ်မှ အသားပျော့၊ အသားပျော့မှအသားမာ၊ အသားမာမှခက်မငါးဖြာ၊ ထိုမှအရိုးများဖြစ်တည်လာပြီး ထိုမှတဖန်တဖြည်းဖြည်းကြီးထွားလာ၏။ ထိုအခြင်းအရာတို့သည် ပျော့ရာမှမာလာခြင်းပင်ဖြစ်သည်။ မွေးဖွားပြီး၍ တဖြည်းဖြည်းကြီးထွားလာရာအသက် ၁၅ နှစ်အရွယ်ရောက်လာလျှင်ပင် ကျွန်ုပ်တို့ကအပျို၊ လူပျိုဖြစ်လာပြီဟုဆိုကြလေသည်။ အမှန်မှာ နုရာမှရင့်လာခြင်းသဘောအိုလာခြင်းပင်ဖြစ်သည်။ ထိုအရွယ်မှဆက်လက်ကြီးထွားလာရာအသက် ၅၀ ခန့်သည် ရင့်ရာမှခြောက်သွေ့လာခြင်း၊ အိုမင်းရင့်ရော်လာခြင်းပင်ဖြစ်လေသည်။ ထိုအခါ နာမူသဘောတို့သည်လည်းရှောင်ကွင်း၍မရတော့ပေ။ ထိုအချိန်ကာလအတွင်း၌ပင်မချစ်မနှစ်သက်သူတို့နှင့်တွေ့ဆုံရခြင်းသည်လည်း စိတ်၌ဆင်းရဲခြင်းအမှန်ဖြစ်ရလေသည်။ ခြောက်သွေ့ရင့်ရော်ရာမှ ကြွေကျမြေခရခြင်းသည် သေဆုံးပျက်ပြုန်းခြင်းသဘောပင်ဖြစ်လေသည်။ ထိုအခါချစ်ခင်နှစ်သက်သူတို့နှင့်မခွဲမခွာချင်ပေမယ့်လည်းမည်သို့မျှမတတ်နိုင် သေမင်းခေါ်ရာကောက်ကောက်ပါရလေသည်။ ထို့ကြောင့်လည်းမြတ်ဗုဒ္ဓက ဒုက္ခသစ္စာဟုဟောတော်မူခြင်းဖြစ်လေသည်။ ထိုအခြင်းအရာများကို ပိုင်ဆိုင်ထားသော ဤကိုယ်ကောင်ခန္ဓာကြီးသည် ချမ်းသာမဖက် ဆင်းရဲခြင်းဧကန်ဖြစ်လေသည်။



ပညတ်သဘောအရသတ္တဝါ၊ လူ၊ နတ်၊ ဗြဟ္မာ ဤကိုယ်ကောင်ဟုဆိုအပ်သောထိုခန္ဓာသည် ပရမတ်သဘောရုပ်၊ နာမ်တရားများသာဖြစ်လေသည်။ ရုပ်တရားသည် တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ငါးထောင်ရှစ်ရာနှစ်ဆယ့်ရှစ်ကုဋေသုံးသန်းငါးသိန်းနှစ်သောင်းကိုးထောင်လေးရာတစ်ဆယ့်တစ်ကြိမ်ဖြစ်/ပျက်နေပြီး နာမ်တရားသည်ကုဋေတစ်သိန်းဖြစ်ပျက်နေခြင်းကို မည်သူမှပြုပြင်ပြောင်းလဲ၍မရပေ။ နိဗ္ဗာန်မရမခြင်း တစ်ဘဝပြီးတစ်ဘဝပြောင်းလဲဖြစ်/ပျက်နေ၍ ၃၁ ဘုံ အကုန်လုံး ခဏမစဲ တသဲသဲတုန်ခါဖြစ်/ပျက်နေခြင်းသည်ပင် ဒုက္ခသစ္စာမည်၏။ ထိုရုပ်နာမ်တရားတို့သည် နှိပ်စက်တတ်ခြင်း၊ ပြုပြင်ပြောင်းလဲတတ်ခြင်း၊ ပူလောင်တတ်ခြင်း၊ ဖောက်ပြန်တတ်ခြင်းတို့ကြောင့် ဒုက္ခသစ္စာဆင်းရဲခြင်းအမှန်မည်ပေတော့သည်။

ထိုဒုက္ခနယ်မှ မလွတ်မြောက်နိုင်ဘဲ တစ်ဘဝပြီးတစ်ဘဝပြောင်းလဲလာခဲ့သော သံသရာ၏အစသည် ဘုရားရှင်၏သဗ္ဗညုတဉာဏ်တော်ကြီး၌ပင် မထင်ရှားလောက်အောင်ရှည်ကြာခဲ့ရလေပြီ။ အဆုံးမည်သို့ရှိပေမည်နည်း။ ဘုရားရှင်အပေါင်းတို့သည်လည်း ဂင်္ဂါသဲမှုန်နှင့်အမျှပွင့်တော်မူခဲ့ကြလေပြီ။ ကျွန်ုပ်တို့သည်လည်းမဖြစ်ဖူးသေးသော ဘဝဟူ၍မရှိတော့ပြီ။ ဤမျှရှည်လာသောသံသရာတွင် ဒါနမလုပ်ခဲ့လို့လား။ မဟုတ်ပါ။ ဒါနလုပ်ခဲ့၍သာ ယခုဘဝလူဖြစ်နေခြင်းဖြစ်သည်။ သီလမဆောက်တည်ခဲ့လို့လား။ မဟုတ်ပေ။ သီလဆောက်တည်ခဲ့၍သာ ယခုဒီအရွယ်အထိ အသက်ရှည်နေခြင်းဖြစ်သည်။ သမထ မလုပ်ခဲ့လို့လား။ မဟုတ်ပါ။ ကမ္ဘာပျက်တိုင်း ဗြဟ္မာပြည်အခေါက်ပေါင်း မရေတွက်နိုင်တော့ပေ။ အဘယ့်ကြောင့် ဒုက္ခမသိမ်းသေးသနည်း။ ဒုက္ခဇာတ်သိမ်းသောအလုပ်ကိုမလုပ်ကြဘဲ ဒုက္ခရောက်မည့်အလုပ်များကိုသာလုပ်ခဲ့ကြသောကြောင့်ဖြစ်သည်။

ဒုက္ခရအောင် ပြုလုပ်သောတရားခံကိုဖမ်း၍ ကွပ်မျက်လိုက်လျှင်နောင်ဒုက္ခမရနိုင်တော့ပေ။ မြတ်စွာဘုရားရှင်သည် ဒုက္ခရကြောင်း၏တရားခံအား ဉာဏ်တော်မြတ်ဖြင့်ရှာပေးပြသလေသည်။ သာသနာအတွင်း၌သာ တရားခံသိခွင့်ရခြင်းဖြစ်သည်။ ဒါနလုပ်လည်း အတ္တဒိဋ္ဌိခေါင်းဆောင်သောကြောင့်ဖြစ်သည်။ ‘ငါ’ လှူ ‘ငါ’ရမှာပဲဟူ၍လည်းကောင်း၊ လူချမ်းသာ၊ နတ်ချမ်းသာဖြစ်အောင် ‘ငါ’ လှူတာဟူ၍လည်းကောင်း ဒါနထဲ ‘ငါ’ဝင်ရှုပ်နေလေတော့သည်။ သီလဆောက်တည်ပြန်လည်း ‘ငါ’ အသက်ရှည်ဖို့၊ ‘ငါ’ သီလလုံတယ်ဟူ၍ သီလထဲ ‘ငါ’ ဝင်ရှုပ်ပြန်သည်။ သမထလုပ်တော့လည်း ‘ငါ့’ သီလ၊ ‘ငါ့’ သမာဓိဟူ၍ ‘ငါ’ ပါပြန်သည်။ ဒါန၊ သီလ၊ သမထသည် သံသရာမချဲ့၊ ထိုအတ္တဒိဋ္ဌိဖြစ်သော ‘ငါ’ အစွဲသည်သာ သံသရာရှည်စေခြင်းဖြစ်သည်။ ဒုက္ခရခြင်း၏ တရားခံသည် ‘ငါ’ ပင်ဖြစ်လေတော့သည်။

ထို့ကြောင့် ဒုက္ခအပေါင်းတို့၏လက်သည်တရားခံ ‘ငါ’ အားမလုပ်ဖူးသေးသော ဘာဝနာပညာဖြင့်ဖမ်းဆီးဖယ်ရှားပြီး ဒုက္ခဇာတ်သိမ်းငြိမ်းအေးအောင် ကြိုးစားကျင့်ကြံသင့်ကြောင်း မိုးကုတ်ဆရာတော် ဘုရားကြီး၏ တရားတော်အားမှီငြမ်းကာတင်ပြလိုက်ရပေတော့သတည်း။ ❑

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် အိန္ဒိယကုန်သည်ကြီးများတွေ့ဆုံ

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံကြား စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် မေလ ၄ ရက်နေ့ မွန်းလွဲ ၂ နာရီက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် အိန္ဒိယသမ္မတနိုင်ငံတောင်ပိုင်း ကုန်သည်ကြီးများအသင်းတို့တွေ့ဆုံ၍ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးကာ MoU လက်မှတ်ရေးထိုးခဲ့ကြသည်။



အဆိုပါတွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန်ဒေါက်တာရဲလွင်၊ မန္တလေးမြို့ရုံးစိုက် အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် မစ္စတာနာဒါဆင်းဘစ်ဖိုဒါ၊ အိန္ဒိယနိုင်ငံတောင်ပိုင်းဒေသ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ မစ္စတာရဖစ်အဟာမ်မက်နှင့် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင် ၁၂ ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ အိန္ဒိယနိုင်ငံတောင်ပိုင်း ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များနှင့် မိတ်ဆက်ပေးပြီး မြန်မာ-အိန္ဒိယစီးပွားရေးပူးပေါင်းဆောင်ရွက်ရေး MoU လက်မှတ်ရေးထိုးကြသည်။ ထို့နောက် အထည်အလိပ်လုပ်ငန်း၊ IT နည်းပညာဝန်ဆောင်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်း၊ လောင်စာထုတ်လုပ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးကြသည်။ မြန်မာ-အိန္ဒိယနိုင်ငံတို့သည် ပဲမျိုးစုံ၊ ဆေးဝါး၊ သကြား၊ ချည်ထည်၊ ဂျုံ၊ အထည်အလိပ်၊ စက်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းများ အပြန်အလှန်ကုန်သွယ်မှု ကျပ်သန်း ၄၀၀ နီးပါးရှိကြောင်းသိရသည်။

**သီဟကိုကို (မန္တလေး)**

# ‘မကြာမီမျှော်’ ရုပ်ရှင်ဇာတ်ကားကြီးအား အိန္ဒိယဒါရိုက်တာနှင့် တွဲဖက်ရိုက်ကူးမည်

**မင်းထွဏ်း**

M3 Multimedia နှင့် Superking Movies တို့ပူးပေါင်းထုတ်လုပ်၍ စီစဉ်သူဖြိုးဝေသိန်း၊ ဇာတ်လမ်း၊ ဇာတ်ညွှန်း Mr.J Krishina Murithy ၏ ‘မကြာမီမျှော်’ ရုပ်ရှင်ဇာတ်ကားကြီးကို အိန္ဒိယနိုင်ငံမှဒါရိုက်တာ Mr.J Krishina Murithy နှင့် ဒါရိုက်တာဖြိုးသစ္စာတို့တွဲဘက်ရိုက်ကူးမည်ဖြစ်ကြောင်း မေလ ၂ ရက်နေ့က စင်ထရယ်ဟိုတယ်တွင် ပြုလုပ်သည့် စာနယ်ဇင်းမိတ်ဆက်ပွဲမှသိရသည်။

အဆိုပါဇာတ်ကားကြီးတွင် သရုပ်ဆောင်များအဖြစ် ဝေဠုကျော်၊ သူထူးစံ၊ နေနော်၊ ဇင်ကြီး(Myanmar Idol) ၊ အေးမြတ်သူ၊ မေဘရဏီသော် (Miss Universe Myanmar 2015)၊ ပါဝိ (မွေးထိုင်း)၊ ဝင်းနောင် (ယဉ်ကျေးမှုသဘင်)၊ လုံးမာန်နှင့် အနုပညာရှင်များစွာ ပါဝင်ကြမည်ဖြစ်ပြီး အိန္ဒိယရုပ်ရှင်ဇာတ်ကားများကဲ့သို့ အကြမ်း၊ အရမ်း၊ အလွမ်း၊ အဆွေးများအား တေးသီချင်းအက၊ အလှများဖြင့် ပေါင်းစပ်ရိုက်ကူးမည်ဖြစ်၍ အိန္ဒိယနိုင်ငံမှ ကင်မရာမန်းများ၊ အသံဖမ်းအင်ဂျင်နီယာများ၊ အကဆရာ၊ ဆရာမများပါဝင်ပူးပေါင်းမည်ဖြစ်ကြောင်း ဒါရိုက်တာ Mr.J ကပြောကြားသည်။

‘ရိုက်ကူးမည့် ဒါရိုက်တာကလည်း အိန္ဒိယဒါရိုက်တာဖြစ်တယ်။ ဇာတ်လမ်း၊ ဇာတ်ညွှန်းကလည်း သူ့ဇာတ်ပေါ့ လာမယ့်ဂျေအိုပီတွေ၊ အခြားသောစက်မှုပိုင်းဆိုင်ရာတွေအားလုံးဟာ အိန္ဒိယကလာမှာဖြစ်တဲ့အတွက် ကျွန်တော်တို့လိုချင်သောပညာများ၊ ကျွန်တော်တို့မှာမရှိသေးသော၊ ကျွန်တော်တို့မတတ်ကျွမ်းသေးသော၊ ကျွန်တော်တို့နားမလည်သေးသောပညာတွေကိုသူတို့ဆီကဆင့်ပွားရယူဖို့၊ သင်ယူဖို့အတွက် ဒီကားကိုလက်ခံခဲ့ခြင်းဖြစ်ပါတယ်ဟု ဝေဠုကျော်မှပြောသည်။




# အိန္ဒိယသို့ တရားမဝင်ရွှေမှောင်ခိုတင်သွင်းမှုပမာဏအများဆုံး မြန်မာနိုင်ငံဖြစ်နေ

**မြင့်မြတ်အောင်မြင်**

တရားမဝင်မှောင်ခိုတင်သွင်းလာသော ရွှေကီလိုဂရမ် ၉၀ ကျော်ကို အိန္ဒိယနိုင်ငံအခွန်အကောက်ဦးစီးဌာနက ဖမ်းဆီးရမိခဲ့ကြောင်း Asian News International ၏သတင်းစာမျက်နှာတွင် ဖော်ပြချက်အရသိရသည်။

အိန္ဒိယနိုင်ငံတာဝန်ရှိသူများက ပြီးခဲ့သည့်နှစ်ဧပြီလ ၁၅ ရက်နေ့က ကိုလ်ကတ္တားမြို့၊ ဆီးဒါ်ဘူတာအနီးရှိ ဟိုတယ်တစ်ခုတွင်တည်းခိုနေသော လူနှစ်ဦးထံမှ ရွှေ ၁၁ ဒသမ ၅ ကီလိုဂရမ်ကိုဖမ်းဆီးရမိခဲ့သောကြောင့် စစ်ဆေးမေးမြန်းချက်အရ မြန်မာနိုင်ငံမှမှောင်ခိုတင်သွင်းလာသော ရွှေများဖြစ်ကြောင်း မီဇိုရမ်ပြည်နယ်မှတစ်ဆင့် ကိုလ်ကတ္တားမြို့သို့ သယ်ဆောင်လာခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ ကိုလ်ကတ္တားအပါအဝင် အိန္ဒိယမြို့ကြီးများတွင် မှောင်ခိုတင်သွင်းလာသော ရွှေများမကြာခဏ ဖမ်းဆီးရမိသောနေရာများဖြစ်ပြီး အိန္ဒိယအခွန်အကောက်ဌာန၏တရားဝင်စာရင်းများအရ ယခုနှစ်အတွင်း မြန်မာနိုင်ငံမှမှောင်ခိုတင်သွင်းလာသော ရွှေ ၉၃ ဒသမ ၃၅ ကီလိုဂရမ် ဖမ်းဆီးရမိ



ခဲ့ပြီးလူပေါင်း ၂၉ ဦးကို တရားမဝင်ရွှေတင်သွင်းမှုဖြင့် ဖမ်းဆီးထားကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်အတွင်း မြန်မာ၊ ယူအေအီး၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်နိုင်ငံတို့မှတရားမဝင် ဝင်ရောက်လာသောရွှေ ၈၅၄ ကီလိုဂရမ်ကိုသိမ်းဆည်းရမိခဲ့ပြီး မြန်မာနိုင်ငံမှပမာဏအများဆုံးဖြစ်ကြောင်း အိန္ဒိယနိုင်ငံ အကောက်ခွန်ဦးစီးဌာနက ဖော်ပြထားရှိသည်။

အိန္ဒိယနိုင်ငံ အကောက်ခွန်ဦးစီးဌာနမှထုတ်ပြန်ထားသော အချက်အလက်များအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း တရားမဝင်ရွှေများဖမ်းဆီးရမိမှုများအနက် မြန်မာနိုင်ငံမှ ၂၄၆ ကီလိုဂရမ်၊ ဒူဘိုင်းမှ ၁၅၁ ကီလိုဂရမ်အထိရှိခဲ့ကြောင်းသိရသည်။

အိန္ဒိယနိုင်ငံက ကမ္ဘာပေါ်တွင် ရွှေဝယ်လိုအားအများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပြည်တွင်းဈေးကွက်ပေါက်ဈေးနှင့်အခြားနိုင်ငံများတွင် ဖြစ်ပေါ်သောရွှေပေါက်ဈေးနှိုင်းယှဉ်ပါက ဈေးနှုန်းကွာဟချက် များပြားနေခြင်းကလည်း ရွှေမှောင်ခိုတင်သွင်းမှုမြင့်တက်ရခြင်း အကြောင်းတစ်ရပ်ဖြစ်သည်။

## မန္တလေးတိုင်းဒေသကြီး တတိယအကြိမ် မုတ်သုံဖိုရမ်ကျင်းပ

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ကုလသမဂ္ဂနှင့် UK aid တို့ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး၏တတိယအကြိမ် ဒေသတွင်းမုတ်သုံဖိုရမ်ကို မေလ ၉ ရက်နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းနှင့်ငုရွှေဝါလမ်းထောင့်ရှိ မင်္ဂလာနိုဗိုတယ်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတိုင်းဒေသကြီးဦးစီးမှူးက ဒေသတွင်းမုတ်သုံဖိုရမ်ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် DMH Climate Division၊ Hydrological Division၊ Agro-Meteorological Division တို့မှ မန္တလေးတိုင်းဒေသကြီး၏ ၂၀၁၆-၂၀၁၇ ခြောက်သွေ့ရာသီကာလအား ပြန်လည်သုံးသပ်ခြင်းနှင့် မုတ်သုံရာသီအကြိုကာလအတွက် ကြိုတင်ခန့်မှန်းခြင်းများ တင်ပြခြင်း၊ စိုက်ပျိုးရေး၊ ရေအရင်းအမြစ်၊ ငါးလုပ်ငန်း၊ ကျန်းမာရေးဌာနများမှ ခန့်မှန်းချက်များကို အသုံးချခြင်းမှရရှိသောအတွေ့အကြုံများကို အခြေခံပြီး အကြံပြုချက်များတင်ပြဆွေးနွေးခြင်း၊ မန္တလေးတိုင်းဒေသကြီး၏ ငလျင်ဘေးအန္တရာယ်ဖြစ်နိုင်ချေများကို ပညာရှင်များကတင်ပြရာ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး၏ ကဏ္ဍအလိုက် ၂၀၁၇ ခုနှစ် မုတ်သုံရာသီအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် စီမံခန့်ခွဲရန်အတွက် မဟာဗျူဟာချမှတ်ခြင်း




တို့ကို အဖွဲ့လိုက်ဆွေးနွေးကြသည်။ ဆက်လက်၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ မိုးလေဝသ သတင်းအချက်များရရှိစေရေး DAN Mobile Appli-cation မိတ်ဆက်ရှင်းလင်းခဲ့သည်။ ဖိုရမ်သို့ စိုက်ပျိုးရေးဦးစီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ ပါဝင်တက်ရောက်ကြကြောင်းသိရသည်။


**သီဟကိုကို (မန်း)**

## ဆောက်လုပ်ရေးပစ္စည်းများ ပွင့်လင်းရာသီတွင် ရောင်းအားကောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် ပွင့်လင်းရာသီ၌အဆောက်အအုံ၊ အိမ်ပြုပြင်ဆောက်လုပ်သူများသဖြင့် ကွန်ကရစ်တိုင်၊ ကွန်ကရစ်အုတ်၊ ကွန်ကရစ်ကျောက်စည်၊ ကွန်ကရစ်ပန်းအိုးနှင့် ကွန်ကရစ်ကျောက်ခွေများအရောင်းသွက်ကာ ကွန်ကရစ်လုပ်ကိုင်သူများ ဝင်ငွေကောင်းနေကြောင်း သိရသည်။

ယခုအခါအိမ်ဆောက်၊ ခြံကာလုပ်ငန်းများတွင် သစ်၊ ဝါးရှားပါးလာသည့်အပြင် ဈေးနှုန်းမြင့်မားနေသည့်အတွက် ကွန်ကရစ်တိုင်များကို အစားထိုးသုံးစွဲလာကြသည်။ အဆိုပါ ကွန်ကရစ်လုပ်ပစ္စည်းများကို ကလေးဒေသတွင်သာမက ချင်းတောင်ပေါ်ကပင် လာရောက်ဝယ်ယူသုံးစွဲနေသည်။

ကလေးမြို့ပေါ်တွင် အဆိုပါ ကွန်ကရစ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးဝန်းကျင်ရှိပြီး ကွန်ကရစ်ပစ္စည်းများ



ပေါ်မူတည်၍ ဈေးနှုန်းအမျိုးမျိုးကွာခြားရောင်းချကြသည်။ သင်္ကြန်ကာလအလွန်တွင် ကွန်ကရစ်ခြံတိုင်တစ်လုံးလျှင် ကျပ် ၅,၀၀၀ မှ ကျပ် ၈,၀၀၀၊ ကွန်ကရစ်အုတ်တစ်ချပ်လျှင် အရွယ်အစားအလိုက် ကျပ် ၅၀ မှ ကျပ် ၂၀၀၊ ပန်းအိုးတစ်လုံးလျှင် အရွယ်ပေါ်မူတည်၍ ကျပ် ၅,၀၀၀၊ ကျောက်စည်တစ်လုံးလျှင် ကျပ် ၁၅,၀၀၀ မှ ကျပ် ၂၀,၀၀၀၊ မိလ္လာကျောက်ခွေ၊ မြောင်းကျောက်ခွေတစ်လုံးလျှင် ငါးပေအရှည် ကျပ် ၃၅,၀၀၀ နှင့် အိမ်တိုင်များမှာလည်း အရွယ်အစားများပေါ် မူတည်ပြီး ဈေးနှုန်းအမျိုးမျိုးရှိကြောင်း သိရသည်။

**ရန်ဖြိုးသိမ်း**

## ရန်ကုန်မြို့ရှိ သိမ်ကြီးဈေးအပါအဝင် ဈေးကြီး ၂၁ ဈေးကို အဆင့်မြှင့်တင်ရန် ပြင်ဆင်ဆောက်လုပ်သွားမည်

ရန်ကုန်မြို့ရှိ သိမ်ကြီးဈေး C ရုံ အပါအဝင် ဈေးကြီး ၂၁ ဈေးကို အဆင့်မြှင့်တင်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီး ဦးမြင့်သောင်းကပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီး ဦးမြင့်သောင်းက 'ကျွန်တော်တို့ဈေးတွေကို ဦးစားပေးအဖြစ် ပြင်ဆင်ဆောက်လုပ်ဖို့ ဈေးပေါင်း ၂၁ ဈေးရှိပါတယ်။ အဲဒီမှာ ပန်းဘဲတန်းမြို့နယ်က သိမ်ကြီးဈေး C ရုံ အပါအဝင်ဖြစ်ပါတယ်' ဟုပြောကြားခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး ၉ ရက်မြောက်နေ့ ဧပြီလ ၂၈ ရက်နေ့က ပန်းဘဲတန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စိုးပပလှိုင်က သိမ်ကြီးဈေးကို အဆင့်မြှင့်တင်ရန်အစီအစဉ်ရှိ/မရှိ မေးမြန်းမှုကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက အထက်ပါအတိုင်း ပြန်လည်ဖြေဆိုခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဝန်ကြီး၏ ဖြေဆိုချက်တွင် အဆင့်မြှင့်တင်မည့်ဈေးကြီး ၂၁ ဈေး၏ နာမည်စာရင်းကို ထည့်သွင်းဖြေဆိုခဲ့ခြင်းမရှိသော်လည်း ကြည့်မြင်တိုင်ညဈေး၊ စံပြဈေးစသည့်ဈေးများသည် အဆင့်မြှင့်တင်မည့်စာရင်းတွင် ပါဝင်လာခဲ့ကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီး ဦးမြင့်သောင်းက 'လက်ရှိဈေးတွေကို ခေတ်မီအဆင့်မြင့်ဈေးတွေဖြစ်လာစေဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲလိုဆောင်ရွက်တဲ့အခါမှာ ရရှိထားတဲ့ဘတ်ဂျက်ဘောင်အတွင်းက မဟုတ်ဘဲ Public-Private-Partnership စနစ်နဲ့အကောင်အထည်ဖော်ဖို့ စီစဉ်လျက်ရှိပါတယ်' ဟုပြောကြားခဲ့သည်။

**မြင့်မြတ်အောင်မြင့်**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# CCTV မီးပွိုင့်စနစ်အတွက် ဒစ်ဂျစ်တယ်မီးပွိုင့်များ စတင်တပ်ဆင်နေ

**အောင်ပိုင်မျိုး**



ရန်ကုန်မြို့အတွင်းရှိ မီးပွိုင့်စုစုပေါင်း ၁၅၄ ပွိုင့်၏ ယာဉ်အသွားအလာအချက်ပြစနစ်အတွက် CCTV မှတစ်ဆင့် စောင့်ကြည့်ထိန်းချုပ်မည့်ဒစ်ဂျစ်တယ်မီးပွိုင့်များကို မေလ ၁၅ ရက်နေ့တွင် အပြီးတပ်ဆင်ရမည်ဖြစ်ရာ မေလ ၁ ရက်နေ့၌ မင်္ဂလာဈေးနှင့်ကန်တော်ကြီးထောင့်မီးပွိုင့်တွင် တပ်ဆင်ရေးအဖွဲ့များက လာရောက်တပ်ဆင်နေမှုများကိုတွေ့ရှိခဲ့ရသည်။

ယင်းအဖွဲ့က Police CCTV Project အမည်ရှိသောကားများဖြင့် ရောက်လာခဲ့ပြီး မီးပွိုင့်နှင့်ဆက်စပ်ပစ္စည်းများကို တပ်ဆင်နေခြင်းဖြစ်ကာ မီးပွိုင့်တစ်ခုချင်းအတွက်ကုန်ကျစရိတ်ကို လတ်တလောမေးမြန်းမှုတွင် အသေးစိတ်တွက်ချက်မှုမရှိသေးသောကြောင့် ဖြေကြား၍မရသေးကြောင်း ပြောကြားခဲ့သည်။

တိုင်းအစိုးရအဖွဲ့က ကနဦးသတင်းထုတ်ပြန်ထားမှုတွင် အဆိုပါစနစ်အတွက် ကျပ်ဘီလီယံ ၂၀ သုံးစွဲမည်ဟုဆိုထားပြီး မီးပွိုင့်တစ်ခုတွင်တပ်ဆင်သော CCTV မီးပွိုင့်စနစ်မှာ မည်မျှကုန်မည်ကိုမှန်းဆရခက်နေကြောင်း သိရသည်။ အဆိုပါစနစ်ကို မေလ ၁၅ ရက်နေ့တွင် အပြီးတပ်ဆင်ပေးရမည်ဖြစ်ကြောင်း သိရသည်။

---

# မန္တလေးအိမ်ခြံမြေဈေးကွက် အရောင်းအဝယ်အေး အိမ်အငှားများပြား

မန္တလေးမြို့တွင်းဧရိယာနှင့်မြို့သစ်များတွင် သင်္ကြန်ကာလအပြီး အိမ်ခြံမြေရောင်းဝယ်မှုများအေးနေပြီး ချမ်းအေးသာစံမြို့နယ် မြို့တွင်းဧရိယာနှင့်ရတနာပုံဈေးအနီး တိုက်ခန်းများ၊ လုံးချင်းအိမ်များကိုမူ ဈေးဆိုင်ဖွင့်လှစ်ရန်၊ ကုမ္ပဏီအရောင်းပြခန်းများဖွင့်လှစ်ရန် ငှားရမ်းမှုများလာသည်။ ချမ်းအေးသာစံမြို့နယ် ၇၃ လမ်း၊ ၂၆ လမ်းနှင့် ၃၅ လမ်းကြား၊ ၇၈ လမ်း၊ ၂၆ လမ်းနှင့် ၃၈ လမ်းကြားတွင် ဖုန်းအရောင်းဆိုင်၊ အွန်လိုင်းစတိုး၊ ဆိုင်ကယ်အရောင်းပြခန်း၊ ယာဉ်အလှဆင်ပစ္စည်းအရောင်းဆိုင်ဖွင့်လိုသူများ ငှားရမ်းမှုများပြီး ပေ ၂၀၊ ပေ ၄၀ အကျယ် တိုက်ခန်းတစ်လငှားရမ်းခ ကျပ် ၁၀ သိန်းဝန်းကျင်ရှိပြီး လုံးချင်းအိမ်များ တစ်လ ကျပ်သိန်း ၂၀ ကျော်ရှိကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှ သိရသည်။

မန္တလေးဆင်ခြေဖုံးရပ်ကွက်များဖြစ်သော ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ထွန်တုံးရပ်ကွက်၊ သင်ပန်းကုန်းရပ်ကွက်များတွင်လည်း အခြားပြည်နယ်နှင့်တိုင်းများမှ မန္တလေးမြို့သို့လာရောက်၍ စီးပွားလာရှာကြသောမိသားစုများကလည်း လုံးချင်းအိမ်များငှားရမ်းမှုများလာရာ မနော်ဟရီလမ်းနှင့် မင်းကြီးရန်နောင်လမ်းကြား ၅၅ လမ်းရှိ လုံးချင်းအိမ်ငှားဈေးများ ကျပ်သုံးသိန်းဝန်းကျင်အထိ ဈေးမြင့်သွားသည်။ ချမ်းမြသာစည်မြို့နယ်ရှိ တန်ဖိုးနည်းအိမ်ရာနှင့် တန်ဖိုးမျှတအိမ်ရာများတွင်လည်း အငှားဈေးကွက်မြင့်တက်လာရာ မြေညီထပ် တစ်လ ၂ သိန်းဝန်းကျင် ဈေးပေါက်လျက်ရှိပြီး စတုတ္ထထပ် ကျပ်ရှစ်သောင်းဈေးရှိရာ မိသားစုနည်းသူများ ငှားရမ်းနေထိုင်ကြကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**

# အာဆီယံအဖွဲ့ဝင်သုံးနိုင်ငံမှ ဆိုင်ကယ်စီးခရီးသွားများအား ကြိုဆိုပို့ဆောင်

ပြည်တွင်းပြည်ပခရီးသွားလုပ်ငန်း ပိုမိုတိုးတက်ရန်ရည်ရွယ်၍ All Asia Exclusive (Thailand & Myanmar) နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုအရ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် အရှေ့တောင်အာရှဒေသတွင်း အာဆီယံအဖွဲ့ဝင် ထိုင်း၊ စင်ကာပူ၊ မလေးရှား (၃) နိုင်ငံမှ ဆိုင်ကယ်စီးခရီးသွားအဖွဲ့အား ကြိုဆိုပို့ဆောင်ခြင်းအစီအစဉ်ကို မေလ (၃) ရက်နေ့၊ နံနက် ၁၀ နာရီက ရန်ကုန်-မန္တလေးအမြန်လမ်းမ ၃၉ မိုင်ရှိ ဘောနပ်ကြီးမီနီတိုးဂိတ်တွင် ကျင်းပခဲ့သည်။

အဆိုပါ ဆိုင်ကယ်စီးခရီးသွားအဖွဲ့အား လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုဦး၊ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှဦးဆောင်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမြန်လမ်းလုံခြုံရေး) မှတပ်ဖွဲ့ဝင်များ၊ Myanmar Oil and Gas Service Society မှ တာဝန်ရှိသူများ၊ ပရဟိတအသင်းအဖွဲ့များမှကြိုဆိုခဲ့ကြပြီး အမြန်လမ်းမှတစ်ဆင့် နေပြည်တော်သို့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။


ဆိုင်ကယ်စီးခရီးသွားအဖွဲ့တွင် အမျိုးသား ၃၀ ဦး၊ အမျိုးသမီး ၁၁ ဦးတို့ပါဝင်ပြီး ဆိုင်ကယ် ၂၅ စီးဖြင့် မေလ ၁ ရက်နေ့က ထိုင်း-မြန်မာချစ်ကြည်ရေးတံတားကို ဖြတ်သန်း၍ မြဝတီမြို့မှတစ်ဆင့် ဖားအံ၊ ပဲခူး၊ နေပြည်တော်မြို့များသို့ သွားရောက်လည်ပတ်ကြပြီး အပြန်ခရီးတွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီသို့ ဝင်ရောက်ဖူးမြော်ကာ မေလ ၅ ရက်နေ့တွင် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြကြောင်းသိရသည်။ **မင်းထွဏ်း**




---

# အရေးကြီးသည့် ရထားလမ်းပိုင်းငါးခုကို ပြည်တွင်း၌ အဆင့်မြှင့်တင်ရန်စီစဉ်

**ချိန်သီး**



ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြည်လမ်းပိုင်းများ အပါအဝင် အရေးကြီးသည့်ရထားလမ်းပိုင်းငါးခုကို အဆင့်မြှင့်တင်ရေးစီမံကိန်းတွင် ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနမှသိရသည်။

အဆိုပါအဆင့်မြှင့်တင်မည့် ရထားလမ်းပိုင်းငါးခုမှာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ၈၀ ရာခိုင်နှုန်းခန့်ရှိပြီး ရန်ကုန်-မန္တလေးလမ်းပိုင်း ၃၈၅ မိုင်၊ မန္တလေး- မြစ်ကြီးနားလမ်းပိုင်း မိုင် ၃၄၀၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း ၁၇၆ မိုင်၊ ရန်ကုန်- ပြည်လမ်းပိုင်းမိုင် ၁၆၀ နှင့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းကို ဦးစွာအကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအဆင့်မြှင့်တင်ခြင်းစီမံကိန်းကိုဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၆၀ ဘီလီယံကုန်ကျမည်ဟုခန့်မှန်းပြီး လက်ရှိရန်ကုန်မြို့ပတ်လမ်းစီမံကိန်းကိုဂျပန်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၂၀၀ ကျော်ဖြင့်စတင်နေကာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြီးစီးသွားရန်ခန့်မှန်းထားကြသည်။ လာမည့်နှစ်နှစ်အတွင်း ရုပ်လုံးပေါ်လာမည့် ရန်ကုန်မြို့ပတ်ရထားလမ်းစနစ်တစ်ခုလုံး၏ အဆင့်မြှင့်တင်ခြင်းစီမံကိန်းတွင် အကြိုအင်ဂျင်နီယာလုပ်ငန်းများ၊ ရထားလမ်းတာပေါင်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ရထားလမ်းပြုပြင်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေမြောင်းလုပ်ငန်းများပါဝင်ကြောင်း သိရသည်။

## YBS အမှတ် ၅၅ ယာဉ်လိုင်းကို မြို့တွင်းလမ်းကြောင်းနှင့် မြို့ပြင်လမ်းကြောင်း ခွဲခြားပြေးဆွဲ

YBS အမှတ် ၅၅ ယာဉ်လိုင်းကို မေလ ၁၀ ရက်နေ့မှ စတင်ကာ အရောင်နှစ်မျိုးခွဲပြီး မြို့တွင်းနှင့်မြို့ပြင် ခွဲခြားပြေးဆွဲသွားမည်ဖြစ်ကြောင်းသိရသည်။

ကာ မြို့တွင်းကိုပြေးဆွဲပေးခြင်းဖြစ်ပြီး ကားအစီးရေ (၇၀)၊ (၈၀) လောက်နှင့်မြို့တွင်းလမ်းကြောကို ပြေးဆွဲဖို့ လျာထားကြောင်း ရန်ကုန်မြောက်ပိုင်း တိုက်ကြီးသားအများပိုင်ကုမ္ပဏီ



မြို့ပြင်အဖြစ် ဥက္ကံ၊ တိုက်ကြီး၊ ထောက်ကြံ့၊ မှော်ဘီနှင့် ခရေပင်လမ်းခွဲတို့ကိုပြေးဆွဲသော ကားများကို YBS အမှတ် (၅၅) အစိမ်းရောင်အဖြစ် သတ်မှတ်ကာပြေးဆွဲမည်ဖြစ်ပြီး ဥက္ကံ၊ တိုက်ကြီး၊ မှော်ဘီတို့ကနေ ရန်ကုန်မြို့တွင်းမော်တင်အထိ ပြေးဆွဲမည့်ကားများကိုYBS အမှတ် (၅၅) အပြာရောင်အနေနှင့် ပြေးဆွဲမည် ဖြစ်ကြောင်းသိရသည်။

ကားအကောင်းများကို ခွဲထုတ်လီမိတက်၏တာဝန်ရှိသူ ဦးကြည်စိန်ထံက သိရသည်။

မြို့တွင်းထိပြေးဆွဲမည့် YBS အမှတ် ၅၅ အပြာယာဉ်လိုင်း၏ ယာဉ်စီးခ ကောက်ခံမှုအနေဖြင့် ခရီးစဉ်အစအဆုံး ၆၀၀ ကောက်ခံမည်ဖြစ်ပြီး၊ အဲကွန်းကားများက ခရီးစဉ်အပိုင်းဖြတ်မှုအလိုက် ၂၀၀ ကျပ်စီ သတ်မှတ်ကာ ကောက်ခံမည်ဖြစ်ကြောင်းသိရသည်။

**မြင့်မြတ်အောင်မြင်**

## အစိုးရရုံးပိတ်ရက်အတွင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ ဆင်စီးနိုင်



စနေ၊ တနင်္ဂနွေနှင့် တရားဝင် အစိုးရရုံးပိတ်ရက်တို့တွင် ဆင်စီးနိုင်ကြောင်းကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အုပ်ချုပ်ရေးမှူးထံမှသိရသည်။ အဆိုပါဆင်စီးခြင်းကို ဧပြီလ ၁၇ ရက်နေ့မှစ၍ဆောင်ရွက်ပေးပြီးနောက်ပိုင်းတွင် တရားဝင် အစိုးရရုံးပိတ်ရက်များ၌ ဆင်တစ်ခါစီးလျှင် လူကြီးနှစ်ဦးနှင့် ကလေးတစ်ဦးသုံးဦးစီးပါက ဆင်စီးခငွေ ၅,၀၀၀ ကျပ်ကောက်ခံကြောင်းသိရသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ လာရောက်အပန်းဖြေသူများအတွက် ဆင်စီးချိန်ကို တစ်ရက်လျှင် နှစ်နာရီ သတ်မှတ်ထားရာ နံနက် ၁၀ နာရီမှ ၁၁ နာရီထိတစ်ကြိမ်နှင့် ညနေ ၃ နာရီခွဲမှ ၄ နာရီခွဲအထိတစ်ကြိမ် သတ်မှတ်ထားသည်။ လက်ရှိတွင် ဝင်းသန်းထွန်းအမည်ရှိ ဆင်ကြီးနှင့် ဆင်စီးခြင်းကို စတင်ဆောင်ရွက်လျက်ရှိပြီး အသက် ၆၃ နှစ်ကျော်ရှိ ဆင်မကြီးမိုမိုကို အနားပေးထားကြောင်းသိရသည်။

**လေးမောင်မောင်**

## အချင်းချင်းရိုက်နှက်ခဲ့သော ယာဉ်လုပ်သားများကို စံပြနမူနာအဖြစ် အမှုဖွင့်အရေးယူ

YBS အမှတ် (၂၁) ယာဉ်လိုင်းမှအချင်းချင်းရိုက်နှက်ခဲ့သော ယာဉ်လုပ်သားများကို နှစ်ဦးနှစ်ဖက်အမှုကျေအေးပြီးဖြစ်သော်လည်း စံပြနမူနာဖြစ်စေရန် အမှုဖွင့်အရေးယူသွားရန်စီစဉ်နေပြီဖြစ်ကြောင်း ပါဝါအလဲဗင်းကုမ္ပဏီမှ YBS အမှတ် (၂၁) ယာဉ်လိုင်းပိုင်ရှင် ကိုတရုတ်လေးထံက သိရသည်။

ယာဉ်လုပ်သားချင်းရိုက်နှက်ခဲ့သော YBS အမှတ် (၂၁) ယာဉ်လိုင်း (ပါဝါအလဲဗင်းကုမ္ပဏီ) မှ ယာဉ်မောင်းတစ်ဦးနှင့် YBS အမှတ် (၂၁) ယာဉ်လိုင်း (ခေတ်သစ်ဘုရင့် နောင်ကုမ္ပဏီ) မှ ယာဉ်မောင်းအပါအဝင် ယာဉ်လုပ်သား ၃ ဦးကို နှစ်ဖက်ယာဉ်လိုင်းတာဝန်ခံများဖြင့် ညှိနှိုင်းသဘောတူကျေအေးခဲ့ပြီး ယာဉ်လိုင်းပေါင်း (၈၁) လိုင်းမှ ရာသက်ပန်ထုတ်ပယ်ခဲ့ကြောင်းသိရသည်။

ထိုသို့ ရာသက်ပန်ထုတ်ပယ်ပြီးသော်လည်း ယာဉ်လုပ်သားများအကြား စံပြနမူနာဖြစ်စေရန်အမှုဖွင့်အရေးယူသွားရန် စီစဉ်နေခြင်းဖြစ်ကြောင်းသိရသည်။ ပါဝါအလဲဗင်းကုမ္ပဏီမှ YBS အမှတ် (၂၁) ယာဉ်လိုင်းပိုင်ရှင် ကိုတရုတ်လေးက 'ရာသက်ပန်ထုတ်ပယ်ထားပြီဆိုပေမဲ့ ကျွန်တော်တို့အနေနဲ့ ထပ်ပြီးအမှုဖွင့်အရေးယူသွားမယ်။ လက်ရှိမှာလည်း YBS ယာဉ်လိုင်းတွေက သိပ်ပြီးတော့အရေးယူမှုအပိုင်းတွေ အားနည်းတယ်။ အားနည်းတဲ့အတွက် ယာဉ်လုပ်သားတွေအနေနဲ့ သူတို့လုပ်တဲ့ပြစ်မှုကို အရေးမယူဘူးဆိုရင် ထပ်လုပ်နေဦးမှာပဲ။ ဒါကြောင့် အရေးယူမှုအပိုင်းကို စံပြနမူနာအနေနဲ့ ကျွန်တော်တို့က ထိထိရောက်ရောက် အမှုဖွင့်အရေးယူသွားမှာဖြစ်ပါတယ်' ဟု ပြောကြားခဲ့သည်။



အဆိုပါ ယာဉ်လုပ်သားများအမှုနှင့်ပတ်သက်၍ ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်စေမှု၊ YBS ယာဉ်လိုင်းများပုံရိပ်ကို ထိခိုက်စေမှုစသည့်အချက်နှစ်ချက်ဖြင့် ခရီးသွားပြည်သူကိုယ်စား မေလ ၂ ရက်နေ့ က လမ်းမတော်မြို့မရဲစခန်းတွင် အမှုဖွင့်တရားစွဲဆိုခဲ့ကြောင်း သိရသည်။

**အောင်ပိုင်မျိုး**



# သိရေးထက် ရှိရေးခက်၏

✍ စိမ်းစိုဦး


မရှိတာထက် မသိတာခက်ပါသည်။ မသိတာထက် မသိချင်တာပို၍ခက်ပါသည်။ ဖောဖောသီသီ၊ ဘုံးဘောလအေး၊ များများစားစားမရှိလည်း ရှိတာလေးနှင့်ဝအောင်စား၊ ရှိတာလေးနှင့်လှအောင်ဝတ်၊ ရှိသည့်လူနှင့်သင့်အောင်ပေါင်း၊ ရှိသည့်လူနှင့်ဖြစ်အောင်လုပ်နိုင်စွမ်းမှာ လူတို့၏ကြံရည်ဖန်ရည်၊ ဉာဏ်ရည်၊ လောကအသိ၊ ဘဝအသိ အသိစွမ်းရည်အရ ကာလဒေသပယောဂများ၊ အချိန်အခါအခြေအနေများ၊ မိမိ၏ရှိစုမဲ့စုအသိတရားများနှင့် သတိထားလှုပ်ရှားရှင်သန် ရပ်တည်၍ရပါသည်။

ဘဝပေးအခြေအနေအရ ဆင်းရဲနွမ်းပါးလျှင် ရှိတာလေးများကအဖိုးတန် အသုံးဝင်၊ အသုံးကျပါသည်။ ခြိုးခြံချွေတာ ဟန်ကိုယ့်ဖို့လုပ်ကာ ရှင်သန်ရပ်တည်၍ရပါသည်။ သို့သော် ကိုယ့်ဘဝ ကိုယ့်အခြေအနေကိုယ်သိကာ မှန်မှန်ကန်ကန်တည့်တည့်မတ်မတ် နေတတ်၊ ပြောတတ်၊ ကျင့်ကြံနေထိုင်ရပ်တည်ရှင်သန်တတ်သော အသိတရားရှိရန်မှ မလွဲမသွေအရေးတကြီးလို၏။

မရှိသည်ကိုရှိလာအောင် ခွန်အားနှင့် ရိုးသားနိုးကြားဝီရိယနှင့် မနားမနေ ကြိုးစားလုပ်ပါက တစ်စုံတစ်ရာ အတိုင်းအတာတစ်ခုခုထိ ရှိလာရပါမည်။ သို့သော် အသိမှန်တော့လိုပါမည်။ မရှိသည်ကို ရှိလာအောင် လုပ်၍ရကြောင်း၊ ဖြစ်ကြောင်းသိရန်လိုပါသည်။ ဘယ်လိုလုပ်လျှင် ရှိလာမည်ဖြစ်ကြောင်း နည်းလမ်းစနစ်ရှိကြောင်း သိရန်လိုပါသည်။ ဆင်းရဲနွမ်းပါးချိန်တွင် အထည်ကြီးပျက်လို အန်ကြီးကွင်းကျယ်ချင်၍မဖြစ်ကြောင်း၊ ဟိတ်ဟန်လုပ်ကာ မော်ကြွားဝင့်ဝါ မာန်မာနထောင်လွှားချင်၍မရကြောင်း သိရန်လိုပါသည်။

ထိုအသိတရားသည် အားကိုးအားထား လက်ကိုင်ပြုသွားရမည့် အဖိုးတန်အသုံးတည့်လှသော အသိဖြစ်ကြောင်း သိရန်လို၏။ ထိုအသိသည်သာ အားကိုးရာဖြစ်နေပါမည်။

ဆင်းရဲနွမ်းပါးချိန်တွင် ချောင်လည်ပြည့်စုံသူများလို အပျင်းထူ၍ မရကြောင်း၊ အလုပ်လုပ်ရမည်ကို ကြောက်နေ၍မဖြစ်ကြောင်း၊ သက်သာခိုအချောင်လိုက်၍မဖြစ်ကြောင်း၊ ပင်ပန်းခံအလုပ်လုပ်ရမည်ကို နှမြောတွန့်တို မိမိခန္ဓာကိုယ်ကို သနားငဲ့ညှာနေ၍ မဖြစ်ကြောင်း အသိအမြင်ရှိရန်လိုပါသည်။ လူတို့၏အသိတရားဆိုသည်မှာ သိရုံနားလည်ရုံ မည်ကာမတ္တ၊ အသိမျိုးမဖြစ်ရချေ။ ထိုအသိကိုအစွဲပြုကာ လက်တွေ့ကျင့်ကြံလိုက်နာရမည့် အရှိဖြစ်ရန်အထိ စွဲမြဲခိုင်မာနေစေရပါမည်။ အသိ၏အစွဲအယူ၊ အတွေးအမြင်ကိုအမှီသဟဲပြုကာ မရှိမှုကိုနိုင်နင်းကျော်လွှားမည့် အလေ့အကျင့်၊ အမူအကျင့်ကောင်းကို အကျင့်ကြီးပါအောင်၊ အရှိတရားဖြစ်အောင် မြှင့်တင်ယူရပါမည်။ အသိမှ ရအပ်သော အရှိတရားလေးနက်ပါသည်။



အလုပ်ကိုမကြောက်၊ ပင်ပန်းခံအလုပ်လုပ်ရမည်ကိုမမှု အလုပ်လုပ်ချင်စိတ်ရှိသူ၊ အလုပ်ကောင်းသူများသည် ဘဝပေးအခြေအနေအရ ဆင်းရဲနွမ်းပါးပါစေ၊ မတိမ်ကောချေ။ ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ပင်ဖြစ်သွား၏။

'သူက အလုပ်ကောင်းတယ်လေ။ ဒီလိုချည်း ဘယ်နေမလဲ။ တတိတိတိုးတက်ကြီးပွားလာရမှာပေ့ါ။ ကြိုက်တယ်' ဟု လုပ်ပါမည်။ ယုံကြည်စိတ်ချပါမည်။ ရွေးချယ်ပါမည်။

လူသားတို့၏စွမ်းရည်ခွန်အားအရ မရှိသည်ကို ရှိအောင်၊ ဖြစ်အောင် လုပ်ယူ၍ရနိုင် ဖြစ်နိုင်သလိုပင် မသိသည်ကိုလည်း သိအောင် လေ့လာစူးစမ်း ဖတ်မှတ်သင်ယူ၍ရပါသည်။ ဖြစ်ပါသည်။ သို့သော် အသိကတော့ အမြဲရှေ့ဆောင်နေမည်ချည်းသာ။

မသိတာကို သိအောင်လုပ်မည့် သိချင်တတ်ချင် နားလည်ချင်စိတ်တော့ရှိရပါမည်။ သက်သာသလို၊ နေတတ်သလို၊ နေချင်သလို နေနေမည်ဆိုပါက ဟုတ္တိပတ္တိဘာမှသိမည်မဟုတ်ချေ။ အသက်သာကြီးသွားမည်။ လူကြီးပြီး အချိန်မစီးဖြစ်သွားပါမည်။ သိချင်စိတ်၊ နားလည်ချင်စိတ် အသိပညာဗဟုသုတကို လိုလားချစ်မက်နှစ်သက်တတ်သော အသိစိတ်ရှိနေရပါမည်။

မရှိမှုကို ရှိလာအောင် အလုပ်လုပ်အပင်ပန်းခံ 'တစ်စက်ကျများပြည့်သည့်အလားသို့'၊ 'ရွှေပေါင်းသောင်းပြည့်' အဖြစ်သို့ တအိအိ တတိတိကြိုးစားယူ အားထုတ်ပါက မရှိမှုရှိလာပါမည်။ မသိသည်ကို သိလာအောင်လုပ်ရေးမှာလည်း ဤပုံစံ၊ ဤနည်းလမ်း၊ ဤစနစ်အတိုင်းသာဖြစ်ပါသည်။ မသိသည်ကို သိအောင်အားထုတ်ရာတွင် သိချင်စိတ်အမြဲရှိနေရပါမည်။ မရှိသည်ကိုရှိအောင် လုပ်ရန် ရှိချင်စိတ်လိုအပ်ပါမည်။

ရှိမှုမရှိမှုတွင် ရုပ်ဝတ္ထုပစ္စည်းဖြစ်ပါက စုမိဆောင်းမိမည်မှုရှိပြီဆိုသည်ကို မြင်သာသိသာပါမည်။ နည်းလား၊ များလား စစ်ဆေးကြည့်ရှု၍ရပါသည်။ သို့သော် မသိသည်ကို သိအောင်လုပ်၍ရသည့် အသိပညာဗဟုသုတကြွယ်ဝမှု၊ ချို့တဲ့မှုကို စိစစ်စစ်ဆေးရခက်ပါမည်။ စာအုပ်စာပေများ လက်လှမ်းမီရာလေ့လာဖတ်မှတ်နေသည့်တိုင် မိမိတွင်ဗဟုသုတမည်မျှရှိနေပြီကို သိဖို့ခက်ပါမည်။

မသိခြင်းကိုသိအောင် လေ့လာဖတ်မှတ်ရေးမှာ တစ်သက်လုံးစဉ်ဆက်မပြတ် အားထုတ်နေရမည့်ကိစ္စမျိုးသာဖြစ်ပါသည်။ ရပ်တန့်ပစ်၍မရချေ။ ဖတ်မှတ်လေ့လာမှုလုပ်နေဖို့က ငါ့တာဝန်ငါ့ကိစ္စဟု သဘောထားကာ ကိုယ့်အလုပ်ကို ပုံမှန်လုပ်နေရန်သာ လိုပါသည်။ ထိုသို့လုပ်နေရင်းက မိမိစုမိဆောင်းမိထားသော အသိအမြင်ဗဟုသုတများ၏ အတိုင်းအတာပမာဏဘယ်လောက်ကြွယ်ဝလာပြီကို မိမိဘာသာသိနိုင်ပါသည်။ သတိထားလျှင် သိနိုင်ပါသည်။

သူများတကာ ပြဿနာဖြေရှင်းပုံကို လေ့လာစူးစမ်းကာ 'ငါသာဆိုရင် အဲဒီလိုမလုပ်ဘူး။ ဟိုလိုလုပ်မှာ။ ဒါမှ မှန်မှန်ကန်ကန်နဲ့ အဆင်ပြေချောမွေ့သွားမှာ။ ပိုအကျိုးရှိမှာ' ဟု မြင်တတ်တွေးတတ်လာလျှင် မိမိဉာဏ်ကျယ်မှု၊ အမြင်သန်လာမှု၊ ဉာဏ်ပြေးလာမှုကို သိလာပါမည်။ မြင်လာပါမည်။ အသိစွမ်းရည်မြင့်မားတိုးတက်လာသည့် သဘောဖြစ်ပါသည်။ နောက်တစ်နည်းက ပို၍စေ့စပ်သေချာ၏။

အသိအမြင်ဗဟုသုတများက လူကိုစနစ်တကျဖြစ်အောင် နည်းမှန်လမ်းမှန် ရှင်သန်ရပ်တည်တတ်အောင်၊ လူရိုသေရှင်ရိုသေဖြစ်အောင်၊ မှားယွင်းတိမ်းစောင်းမှုမရှိအောင်၊ လူရိုးလူဖြောင့်လူတည်လူမှန်ကြီးဖြစ်အောင် အလိုအလျောက်မသိမသာ ပြုပြင်ပြောင်းလဲယူသွားတတ်ပါသည်။ အမှားအယွင်းကင်းအောင်၊ လူချစ်လူခင်များအောင်၊ လူလေးစားအောင်၊ လူယုံကြည်စိတ်ချအောင် အနေတတ်လာ၊ အပြောတတ်လာ ကျင့်ကြံနေထိုင်လုပ်ကိုင်တတ်လာခြင်းသည် အသိကြွယ်ဉာဏ်ကျယ်လာခြင်း၊ ဉာဏ်အမြော်အမြင်ရှိကာ ဉာဏ်တက်လာခြင်း၏ သက်သေအထောက်အထားပင် ဖြစ်ပါသည်။ တချို့လူများ မကြံတတ်မစည်တတ်၊ ဘာလုပ်ရမှန်းမသိ မတတ်နိုင်လက်မှိုင်ချရမည့် အရေးကိစ္စအား 'ဒါလေးများ ဘာဆေးစားလိုက်ရင်ပျောက်'၊ 'ဒီကိစ္စမျိုးဆိုတာ ဒီလိုသဘောသဘာဝရှိတယ်။ ကျွန်တော်ပြောသလိုလုပ်' ဟုအခါတော်ပေးဦးပုည ဆရာကြီးအဖြစ် နည်းပေးလမ်းပြလုပ်နိုင်၊ အကြံဉာဏ်ကောင်းပေးနိုင်စွမ်းမှာ နည်းနည်းနောနော အသိအမြင်ကြွယ် ဉာဏ်ကျယ်မှု မဟုတ်ပြီ။ မိမိ၏ဘဝပြဿနာများ၊ အခက်အခဲများကို အလွယ်တကူ နိုင်နိုင်နင်းနင်း ဖြေရှင်းနိုင်စွမ်းရှိသူဖြစ်ကြောင်း မိမိဘဝကိုဘေးကင်းလုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်သော လူလားမြောက်သူဖြစ်ကြောင်း သိလာပါမည်။ မြင်လာပါမည်။

အသိအမြင် ဗဟုသုတများက ဉာဏ်ကျယ် ဉာဏ်ပြေးမှုကိုဖြစ်စေကာ လူသက်သာလွယ်ကူစေပါသည်။ စင်စစ် အသိ၏သဘောမှာ သိတတ်ရုံ၊ နားလည်ရုံသက်သက်နှင့် အကျိုးမကြီး၊ အကျိုးမများသေးချေ။ 'ဒီလိုမျိုးလည်း ဖြစ်တတ်တာကိုး' ဟု သိတတ်ရုံနှင့် မလုံလောက်ချေ။ 'အဲဒီလိုမျိုး မဖြစ်ရအောင် ဒီလိုနေထိုင်ကျင့်ကြံမှုဖြစ်မယ်။ အဲဒါဆိုရင် အန္တရာယ်ကို ရှောင်ကွင်းပြီးသားဖြစ်ပြီပေါ့။ မမှားနိုင်တော့ဘူးပေ့ါ' ဟု တွေးခေါ်မြော်မြင်တွက်ချက်ကာ မှန်ကန်တည့်မတ်အောင် လက်တွေ့နေထိုင်ကျင့်ကြံမှုလိုအပ်ပါမည်။

သိမှုကိုအမှီသဟဲပြု သိမှုကို တန်ဖိုးထားကာ ကာကွယ်တားဆီးသည့်လက်တွေ့အကျင့်အကြံ အသိရှိမှုလိုအပ်ပါမည်။ သိမှုမှာ လေ့လာစူးစမ်းပါက သိရန်လွယ်ပါသည်။ အသိရှိမှုဖြစ်စေရန်၊ အသိတန်ဖိုးမြင့်မားစေရန်၊ လက်တွေ့ကျင့်သုံးမှု အထူးအရေးကြီးပါသည်။ ဘယ်အရေးအရာမျိုး ဘယ်ပုဂ္ဂိုလ်မျိုးဖြစ်ဖြစ် . . .။ ❑

# စတုတ္ထအကြိမ်မြောက် သရက်သီးပွဲတော်နှင့် ပထမအကြိမ်မြောက် လက်ဖက်ပွဲတော်ကျင်းပမည်

**ဝင်းမြင့်ဦး**

စတုတ္ထအကြိမ်မြောက် မြန်မာ့သရက်သီးပွဲတော်နှင့် ပထမအကြိမ်မြောက် လက်ဖက်ပွဲတော်ကို မေလ ၂၀ ရက်နေ့မှ ၂၅ ရက်နေ့အထိ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၈ လမ်းနှင့် ၇၃ လမ်းကြားရှိ အားကစားနှင့် ကာယပညာသိပ္ပံကျောင်း၌ကျင်းပမည်ဖြစ်ရာ အဆိုပါပွဲတော်တွင် သစ်သီးဝလံပန်းမာန်နှင့် ဟင်းသီးဟင်းရွက်ပြပွဲကိုပါ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယင်းပွဲတော်ကို မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး တင်ပို့ရောင်းချသူများအသင်းမှ ဦးဆောင်ကျင်းပခြင်းဖြစ်ကာ စတုတ္ထအကြိမ် သရက်သီးပွဲတော်တွင် စိန်တစ်လုံး၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ ပတ္တမြားငမောက်နှင့် ပြည်တွင်းပြည်ပဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်သရက်သီးများဖြင့် မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်များအနေဖြင့် အညှာ ၄ လက်မရှိ သရက်သီးနမူနာ ၅ လုံးစီပေးပို့ရမည်ဖြစ်ကာ ပြိုင်ပွဲဝင်အသီးများတွင် အရွက်ပါ ပါရှိပါက ပိုမိုကောင်းမွန်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်သရက်သီးများ ပေးပို့မှုကို မေလ ၁၉ ရက်နေ့ တစ်ရက်တည်းသာ ပြပွဲကော်မတီက လက်ခံမည်ဖြစ်သည်။ လက်ခံရာတွင် ပိုင်ရှင်အမည်ဖော်ပြခြင်းမရှိဘဲ လျှို့ဝှက်သင်္ကေတစနစ်ဖြင့် လက်ခံကာပြသသွားမည်ဖြစ်သည်။


ပြိုင်ပွဲဝင်သရက်သီးများသည် ကိုယ်တိုင်စိုက်ပျိုးသော အပင်မှဖြစ်ပြီး ပြိုင်ပွဲအတွက်စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ထားရာ စည်းကမ်းညီညွတ်မှသာလျှင် ဆုချီးမြှင့်မည်ဖြစ်သည်။ ဆုရရှိသူများ၏ အမည်စာရင်းကို မေလ ၂၀ ရက်နေ့ နံနက် ၈ နာရီတွင် ကြေညာသွားမည်ဖြစ်ကြောင်းသိရသည်။ သရက်သီးပြိုင်ပွဲအတွက် ဆုရရှိသူများကို ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်းခွဲနှင့် နှစ်သိမ့်ဆုကျပ်တစ်သိန်းချီးမြှင့်ပေးသွားမည်ဖြစ်သည်။



# မွေးမြူရေးဆိုင်ရာ သန်းခေါင်စာရင်းပြန်လည်ကောက်ယူ

မွေးမြူရေးဆိုင်ရာ သန်းခေါင်စာရင်းကောက်ယူမှုကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ကောက်ယူရန်စီစဉ်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက သိရသည်။

ယင်းနှင့်ပတ်သက်ပြီး ပြည်သူများအသားစားသုံးမှု၊ ဥစားသုံးမှု၊ နို့သောက်သုံးမှု၊ တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ အသုံးပြုမှုများကို တိုင်းဒေသကြီးအတွင်း GDP အခြေအနေမှန်အား တိတိကျကျတွက်ချက်နိုင်ရန်အတွက် မွေးမြူဦးရေ၊ တိရစ္ဆာန်အမျိုးအစားအလိုက် မွေးမြူထားသောတိရစ္ဆာန် သန်းခေါင်စာရင်းကို မြို့နယ်အလိုက် စနစ်တကျကောက်ယူရန်စီစဉ်ရခြင်းဖြစ်ကြောင်းကို မကွေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။



အဆိုပါ သန်းခေါင်စာရင်းကောက်ယူမှုကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီးမှ မြို့နယ်နှစ်မြို့နယ်တို့၏ Lift Fund အဖွဲ့အစည်းအကူအညီဖြင့် လုပ်ဆောင်ကြမည်ဖြစ်ပြီး ပြည်ထောင်စုအစိုးရဘတ်ဂျက်မှလည်း ခွင့်ပြုထားခြင်းဖြစ်သည်။ လတ်တလော မကွေးတိုင်းဒေသကြီး၌ ၂၀၁၇ ခုနှစ်၊ မတ်လအထိ စာရင်းဇယားများအရ ကျွဲ ၁၉၀,၉၉၁ ကောင်၊ နွား ၃,၁၁၆,၀၂၂ ကောင်၊ သိုး ၁,၀၁၁,၁၁၅ ကောင်၊ ဆိတ် ၄,၂၈၇,၂၇၅ ကောင်၊ ဝက် ၄,၂၆၅,၈၄၉ ကောင်၊ ဘဲ ၄၄၀,၄၆၄ ကောင် နှင့်ကြက် ၅၂,၉၄၅,၇၈၀၊ ကြက်ဆင်၊ ဘဲငန်း ၁၉,၈၉၈ ကောင်ရှိကြောင်း သိရသည်။

**ဝင်းမြင့်ဦး**

# Myanmar Broadcasting Co.,Ltd. (MBC) အနုပညာနှင့်မီဒီယာလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်သွားမည်

Myanmar Broadcasting Co.,Ltd. (MBC) အနေဖြင့် လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသော Online Media လုပ်ငန်းအပြင် MBC Picture တေးစီးရီး ထုတ်လုပ်ဖြန့်ချိရေးနှင့်ရုပ်ရှင်၊ ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး စသည့်အနုပညာလုပ်ငန်းများအား တိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ကြောင်း MBC ၏ CEO ဒေါ်စောယုမွန်က ပြောကြားသည်။

'ကျွန်မရဲ့ လုပ်ငန်းအရင်းအမြစ်က Advertising ပါ။ ငယ်ငယ်ကတည်းကဝါသနာရှိခဲ့တာမို့ ဒီလုပ်ငန်းကိုရွေးချယ်ဖြစ်တာပါ။ လုပ်သက် ၁၀ နှစ်ရှိလာပြီမို့ ကုမ္ပဏီကိုတိုးချဲ့ဖို့စီစဉ်ခဲ့တယ်။ ကိုယ်တိုင်က အသင်းအဖွဲ့နဲ့အလုပ်လုပ်ရတာကို ကြိုက်တယ်။ ရုံးမှာဆိုလည်း လူကြီးမို့၊ လူငယ်မို့မခွဲခြားဘူး။ ဝန်ထမ်းအားလုံးကို ညီအစ်ကိုမောင်နှမစိတ်ထားနဲ့ ဦးဆောင်မှုပေးခဲ့တာကြောင့် အချိန်တိုအတွင်းမှာ အောင်မြင်လာတယ်လို့ ပြောနိုင်ပါတယ်' ဟု ၎င်းက ပြောသည်။




MBC ကုမ္ပဏီအနေဖြင့် Short Film ပြိုင်ပွဲများပြုလုပ်ပေးခြင်း၊ မျက်နှာသစ် သရုပ်ဆောင်များရွေးချယ်၍ မြန်မာ့ရုပ်သံ ဇာတ်လမ်းတွဲအသစ်များ ရိုက်ကူးထုတ်လုပ်ရန်ရည်ရွယ်ထားခြင်း၊ အဆိုတော် X-Box နှင့် ရုပ်ရှင်ဗီဒီယိုများရိုက်ကူးရန် စာချုပ်ချုပ်ဆိုစီစဉ်ထားရှိခြင်းများအား တိုးချဲ့လုပ်ကိုင်မည်ဖြစ်သည့်အပြင် MBC Online TV အမည်ဖြင့် Entertainment၊ Infotainment ဟူ၍ ကဏ္ဍခွဲများနှင့် Weekly Program ရိုက်ကူးထုတ်လွှင့်လျက်ရှိကြောင်း မေလ ၁၁ ရက်နေ့တွင်ပြုလုပ်သည့် MBC ကုမ္ပဏီမိတ်ဆက်ဖွင့်ပွဲနှင့် X-Box 9 DVD Karaoke တေးအယ်လ်ဘမ်မိတ်ဆက်ပွဲမှသိရသည်။

'Audio CD ထွက်ခဲ့ပြီးဖြစ်တဲ့ X-Box 9 ကို DVD Karaoke အဖြစ် MBC က ထုတ်လုပ်ဖြန့်ချိပေးတာပါ။ မေလ ၂၀ ရက်နေ့ Junction Square Outdoor Area၊ မေလ ၂၁ ရက်နေ့ မင်္ဂလာမန္တလေး Outdoor Area တို့မှာ ညနေ ၅ နာရီ မှ ည ၉ နာရီအထိ ပရိုမိုးရှင်းပွဲကျင်းပမှာဖြစ်ပြီး X-Boxing Logo ပါတဲ့ လက်ပတ်လေးတွေ လက်ဆောင်ပေးမယ်။ မေလ ၂၇ ရက်နေ့မှာ စင်ကာပူနိုင်ငံကိုသွားပြီး ပရိုမိုးရှင်းပွဲလုပ်မှာဖြစ်ပါတယ်။ ဒီအယ်လ်ဘမ်ကအစတည်ပြီး ဒီ့ထက်မကခက်ခဲတဲ့လမ်းတွေ၊ အောင်မြင်မှုတွေဆီ လျှောက်လှမ်းသွားမှာပါ' ဟု X-Box က ပြောသည်။

**မင်းထွဏ်း**

စက်မှုအလင်းဂျာနယ် Beacon of Industry Journal

# ကျန်းမာချင်သူများ ဝေးဝေးရှောင်သင့်တဲ့ (၇) မျိုး

ဒေါက်တာလွင်သန့်

နေ့စဉ်သုံးပစ္စည်းတွေဟာ နေ့စဉ်နေထိုင်မှုပုံစံတွေထဲမှာ လူကိုမကျန်းမာအောင် လုပ်နေတာတွေအများအပြားပါဝင်နေတယ်။ ယင်းပစ္စည်းတွေနဲ့ ဝေးဝေးနေနိုင်လေ ကောင်းလေ၊ ကျန်းမာလေပဲဖြစ်တယ်။ ကျန်းမာစေဖို့ အောက်ပါ (၇) ချက်ရှောင်ရှားသင့်ပါတယ်။

### (၁) အချိုကဲတဲ့အစားအစာတွေစားခြင်း

အချိုကဲတဲ့အစားအစာတွေဟာ လူကိုဆီးချို၊ အဝလွန်ခြင်း၊ သွေးတိုး၊ နှလုံးသွေးကြောရောဂါများ၊ လေဖြတ်ခြင်း၊ ရင်ကြပ်ခြင်းမှအစ ရောဂါအမျိုးမျိုးဝင်အောင် လုပ်ပေးနေသလိုဖြစ်တယ်။ အစာခြေလုပ်ငန်းကိုလည်း အနှောင့်အယှက်ပေးသလို အစာအိမ်နှင့် အူလမ်းကြောင်းရောဂါတွေကိုလည်း ဖြစ်ပွားစေနိုင်တယ်။



တစ်ရက်ကို သကြားအတော်ကဲတဲ့အချိုရည်နှစ်ဘူးနဲ့အထက် သောက်သုံးသူတွေမှာ နှလုံးရောဂါဖြစ်ပွားနိုင်ခြေ ၃၀ ရာခိုင်နှုန်းပိုများသလို အခြားဆက်စပ်ရောဂါတွေအနေနဲ့ သေဆုံးနိုင်ခြေ ၅၀ ရာခိုင်နှုန်းပိုများလာကြောင်း၊ အိုဟိုင်းရိုးတက္ကသိုလ် သွေးဆုံးပြီးအမျိုးသမီးခြောက်သောင်းလေ့လာတဲ့ သုတေသနအရသိရပါတယ်။

### (၂) အီလက်ထရောနစ်ပစ္စည်းများ

အီလက်ထရောနစ်ပစ္စည်းတွေကို နေရာတကာမှာတွေ့နိုင်ပါတယ်။ ယင်းပစ္စည်းမှထွက်ရှိတဲ့ ရေဒီယိုလှိုင်းတွေကလည်း နေရာတိုင်းမှာပျံ့နှံ့နေတယ်။ လုပ်ဆောင်ချက်တစ်ခုခုရဲ့ဆိုးကျိုးကို နောင်ဆယ်စုနှစ်များကြာပါမှ လူသားတို့သိရှိတတ်ကြတယ်။ ဖုန်းများ၊ ဝိုင်ဖိုင်လှိုင်းများရဲ့ဆိုးကျိုးကလည်း နှစ်ပေါင်းကြာကြာလေ့လာသုတေသနပြုပါမှ ရမှာဖြစ်ပါတယ်။




လေ့လာမှုစစ်တမ်းများစွာကလည်း ရေဒီယိုလှိုင်းတွေက ကင်ဆာရောဂါဖြစ်စေတယ်လို့ ဆိုထားတယ်။ နိုင်ငံတကာသုတေသနအဖွဲ့ (ကင်ဆာ) ကလည်း ဖုန်းရေဒီယိုလှိုင်းတွေက ကင်ဆာဖြစ်စေတဲ့ လက်သည်ဖြစ်တယ်လို့ ၂၀၁၁ ခုနှစ်ကတည်းက ဆိုထားပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ဖုန်းရေဒီယိုလှိုင်းတွေဟာ ကင်ဆာဖြစ်စေနိုင်တယ်လို့ ဝန်ခံထားပါတယ်။

### (၃) ပိုးသတ်ဆေးများ

ပိုးသတ်ဆေးတွေမှာပါတဲ့ ဓာတုပစ္စည်းတွေဟာ ဟင်းသီးဟင်းရွက်သစ်သီးဝလံများကတစ်ဆင့် လူ့ခန္ဓာကိုယ်ထဲရောက်ရှိ



ရင် သန္ဓေသားအင်္ဂါမစုံခြင်း၊ ကင်ဆာ၊ ဦးနှောက်စွမ်းရည်ကျရောဂါ၊ ရင်ကြပ်ရောဂါအပါအဝင် နောက်ဆက်တွဲရောဂါတွေဖြစ်ပွားစေပါတယ်။ လူသားတွေဟာ ပိုးသတ်ဆေးအလွန်အကျွံအသုံးပြုနေလို့ ကိုယ့်ကိုယ်ကိုယ် အဆိပ်ခတ်လျက်ရှိနေသလိုဖြစ်နေတယ်။

### (၄) တစ်ကိုယ်ရည်သုံးပစ္စည်းများ

အရေပြားအလှလိမ်းဆေးများအစ မျက်နှာသစ်ဆပ်ပြာအလယ်၊ ခေါင်းလျှော်ရည်အဆုံး တစ်ကိုယ်ရည်သုံးပစ္စည်းတွေထဲမှာပါတဲ့ ဓာတုပစ္စည်းတွေဟာ အရေပြားကိုဒုက္ခပေးနိုင်တယ်။ ယင်းပစ္စည်းတွေထဲမှာပါဝင်တဲ့ ဓာတုပစ္စည်းတွေဟာ အရေပြားဆဲလ်လုပ်ငန်းတွေကို အနှောင့်အယှက်ပြုနိုင်ပါတယ်။



အကျိုးဆက်အဖြစ် ဆဲလ်များဖွဲ့စည်းပုံမှားယွင်းကာ ကင်ဆာရောဂါဖြစ်ပွားစေပါတယ်။ ကနေဒါနိုင်ငံ၊ မနီဆိုတာတက္ကသိုလ်ရဲ့လေ့လာမှုအရ နေရောင်ကာလိမ်းဆေးတွေထဲမှာပါတဲ့ ဓာတုပစ္စည်းအများစုဟာ အရေပြားဆဲလ်များဆီထိ စိမ့်ဝင်သွားကြကြောင်းတွေ့ရှိထားတယ်။

### (၅) လေသန့်ဖျန်းဆေးများ

ကျန်းမာရေးနဲ့ပတ်သက်လာရင် အိမ်မှာမထားသင့်ဆုံးက လေသန့်ဖျန်းဆေးဘူးတွေဖြစ်တယ်။ ဖျန်းလိုက်ရင် အခန်းထဲမွှေးကြိုင်သွားတာမှန်ပေမယ့် ကျန်းမာရေးအတွက်အဆိုးဝါးဆုံးရန်သူဖြစ်တယ်။ ဖျန်းဆေးထဲမှာပါဝင်တဲ့ ဓာတုမှုန်များဟာ အမေရိကန်နိုင်ငံသားတိုင်းရဲ့ သွေးထဲဝင်နေတယ်လို့ဆိုနိုင်တယ်။ ယင်းဖျန်းဆေးတွေကြောင့် အဆုတ်ကင်ဆာဖြစ်ပွားရသလို ကိုယ်တွင်းကလီစာများ အဆိပ်သင့်ပျက်စီးမှုများဖြစ်ပွားနိုင်ပါတယ်။



လေသန့်ဖျန်းဆေးဘူးတွေမှာ အိမ်ထဲ၊ ရုံးခန်းထဲမှာမွှေးကြိုင်လန်းဆန်းပြီး ကျန်းမာတဲ့လေထုရှိနေအောင် ကူပေးနိုင်တယ်လို့ ကြော်ငြာကောင်းကောင်းနဲ့ ရောင်းချနေသည့်တိုင် ဖျန်းဆေးထဲမှာပါတဲ့ 'သယ်အိတ်' ဓာတုပစ္စည်းဟာ ဟိုမုန်းပုံမမှန်မှု၊ သန္ဓေသားအင်္ဂါမစုံမှု၊ မျိုးပွားမှုအခက်အခဲတွေဖြစ်ပွားစေနိုင်ကြောင်း လေ့လာတွေ့ရှိထားပါတယ်။

### (၆) ပလတ်စတစ်ဘူး၊ ပလတ်စတစ်ခွက်တွေ

အမျိုးသမီးတွေမှာ မျိုးပွားခြင်း၊ သန္ဓေတည်ခြင်းကို အနှောင့်အယှက်ပေးနိုင်တဲ့ (EDC) ဓာတုပစ္စည်းတွေဟာ ပလတ်စတစ်ဘူးတွေ၊ ခွက်တွေထဲမှာပါဝင်နေကြောင်း ဂျာမနီသုတေသီတွေကဆိုတယ်။ ပလတ်စတစ်ပစ္စည်းတွေထဲမှာပါတဲ့ ဓာတုပစ္စည်း ၂၄,၅၂၀ ခန့်အနက် (DEHF) ဒြပ်ပေါင်းဟာ လူ့ခန္ဓာကိုယ်အတွင်းရှိ ဟိုမုန်းတွေ ကစဉ့်ကလျားဖြစ်စေနိုင်တယ်။



အကျိုးဆက်အဖြစ် ခန္ဓာကိုယ်ဆဲလ်များဖွံ့ဖြိုးမှုမမှန်ဖြစ်သွားကာ ဆဲလ်တွေပျက်စီးခြင်းအကျိုးဆက်အနေနဲ့ ကင်ဆာဖြစ်ပွားလာနိုင်ကြောင်း သုတေသီတွေက သတိပေးကြပါတယ်။ ဒီ့အပြင် ကလေးအင်္ဂါမစုံခြင်း၊ နှလုံးရောဂါ၊ အစာအိမ်နာခြင်းများဖြစ်ပွားနိုင်ပါတယ်။

အိမ်မှာဖန်ပန်းကန်၊ ဖန်ခွက်စသည်ဖြင့် ဖန်နဲ့ကြွေနဲ့လုပ်ထားတဲ့ပစ္စည်းတွေသုံးသင့်ပါတယ်။ ကလေးနို့ဘူးကိုလည်း ဖန်နဲ့လုပ်

စာမျက်နှာ ၁၇ သို့ -

## ကိုရီးယားနိုင်ငံမှ ဆရာဝန်ကြီးများပါဝင်သော GANGNAM Medical Beauty Center စတင်ဖွင့်လှစ်ကုသ

မျက်နှာပြင်ပေါ်တွင်ဖြစ်ပေါ်လေ့ရှိသော အဆီအဖုများ၊ ဆားဝက်ခြံများနှင့် အရေပြားပေါ်တွင်ဖြစ်ပေါ်တတ်သည့် ချွေးပေါက်ကျဉ်းခြင်း၊ ကျယ်ခြင်းများအား ကုသပေးမည့် အပြင် ရေဓာတ်ဖြည့်ပေးခြင်း၊ ခြောက်သွေ့သောအသားအရေရှိသူများအား Skin Care Treatment ပြုလုပ်ပေးခြင်းနှင့် အိုမင်းရင့်ရော်စေသည့်အရေးအကြောင်းများ ဖြစ်ပေါ်ခြင်းတို့အား ဓာတုဗေဒပစ္စည်းကင်းစင်သည့် သဘာဝဓာတ်သတ္တုများဖြင့် ဖြည့်တင်းကုသပေးမည့် GANGNAM Medical Beauty Center ကို အမှတ် (၉၀-အေ) သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် မေလ ၁ ရက်နေ့က စတင်ဖွင့်လှစ်ပြီဖြစ်ကြောင်းသိရသည်။

'အခုအခါ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အလှအပဆိုင်ရာကျန်းမာရေးကို အရွယ်သုံးပါးမရွေး ပိုမိုလေ့လာလိုက်စားပြုလုပ်လာကြပြီဖြစ်ပါတယ်။ ကျွန်တော်တို့ ယခုဖွင့်လှစ်လိုက်တဲ့ GANGNAM Center ဟာ အရှေ့တောင်အာရှမှာ ပထမဦးဆုံး ကိုရီးယားနိုင်ငံက ဆရာဝန်များနဲ့ တွဲဖက်ဆောင်ရွက်မယ့် အလှအပဆိုင်ရာ ကုသမှုစင်တာကြီးဖြစ်ပါတယ်။ သဘာဝနည်းပညာကုထုံးများနဲ့ အကောင်းဆုံးကုသပေးမှာဖြစ်ပြီး မကြာမီကာလမှာမျက်နှာပြင်သာမက ခန္ဓာကိုယ်တစ်ခုလုံးခွဲစိတ်ပြုပြင်ကုသပေးမည့် အလှအပပြုစုစောင့်ရှောက်ရေးစင်တာကြီးအဖြစ် ကြိုးစားဆောင်ရွက်သွားမှာပါ' ဟု အဆိုပါစင်တာ၏တာဝန်ခံ ဒေါက်တာကျော်ဇေယျက ပြောကြားသည်။

GANGNAM Center တွင် မျက်နှာပြင်အရေပြားပေါ်ရှိ ရေကိုထိန်းသိမ်း၍ မျက်နှာပြင်စိုပြေနူးညံ့စေခြင်း၊ အသားအရေညှိပေးခြင်း၊ သွေးအရည်ကြည်များ ပြန်လည်ထည့်သွင်းခြင်း၊ အမာရွတ်များပြေပျောက်စေခြင်း၊ သန့်စင်ထားသောရွှေစင် (၉၉. ၉) ရာခိုင်နှုန်းပါဝင်သည့် Gold Treatment ကုထုံးဖြင့် အသားအရေ ပိုမိုတင်းရင်းလှပစေမည်ဖြစ်ကြောင်းနှင့် 09-4562268681၊ 09-30888006 တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**မင်းထွဏ်း**




**စာမျက်နှာ ၁၆ မှ-**


ထားတဲ့ပစ္စည်းတွေ သုံးစွဲခြင်းက ကလေးကိုပလတ်စတစ်ထဲမှာပါဝင်တဲ့ ဓာတုပစ္စည်းတွေ မနှောင့်ယှက်အောင် ကာကွယ်ပေးခြင်းပါပဲ။

### (၇) ထိုင်ခုံပေါ်မှ ထိုင်နည်းအမှားတွေ

ထိုင်ခုံဟာ မထိုင်တတ်သူအဖို့ ကျန်းမာရေးဆိုးကျိုးပေးတယ်လို့ သုတေသီတွေထောက်ပြကြတယ်။ အချိန်ကြာကြာထိုင်ခြင်းဟာ ကျန်းမာရေးဆိုးကျိုးတွေနဲ့ ဆက်စပ်နေသလို သက်တမ်းမစေ့မီသေနိုင်တယ်။ ပုံမှန်ကျန်းမာရေးလုပ်သူ၊ ခန္ဓာကိုယ်ကျစ်လျစ်သွယ်လျသူတွေတောင် ဆိုးကျိုးပေးနိုင်တယ်။

နေ့စဉ်အချိန်ကြာမြင့်စွာ ခုံမှာထိုင်ပြီး အလုပ်လုပ်သူ (နည်းစနစ်မှားစွာထိုင်သူများ) ဟာ အဆုတ်ကင်ဆာဖြစ်နိုင်ချေ ၅၀ ရာခိုင်နှုန်း ပိုများလာသလို ကျန်းမာရေးပြဿနာအမျိုးမျိုးကြောင့် သေဆုံးနိုင်ခြေလည်း ပိုများလာကြောင်းတွေ့ရှိထားပါတယ်။

ထိုင်ခုံမှာ အချိန်ကြာကြာထိုင်ရသူတွေအနေနဲ့ ခါးကိုမတ်မတ်ထား၊ ရင်ကိုဖွင့်ကာ ခြေဖဝါးနှစ်ဖက်ကိုကြမ်းပြင်မှာ ကပ်နေအောင်ချထားပြီး ထိုင်သင့်ပါတယ်။ ယင်းသို့ထိုင်ရုံနဲ့မလုံလောက်သေးပါဘူး။ မကြာမကြာထသွား၊ ထလာလှုပ်ရှားပေးဖို့လိုပါတယ်။




ကွန်ပျူတာသုံးဝန်ထမ်းတစ်ယောက်အနေနဲ့ တစ်နာရီမှာ ၁၀ မိနစ်နားသင့်သလို လမ်းလျှောက်ခြင်း၊ အလုပ်ပြောင်းလုပ်ပေးခြင်းတို့ ရှိသင့်တယ်။ တစ်ပုံစံတည်းထိုင်ခြင်းကြောင့် ခန္ဓာကိုယ်အပေါ် ဆိုးကျိုးသက်ရောက်မှုတွေချေဖျက်နိုင်မယ်။ တရားရှုမှတ်ခြင်းကတော့ ပိုမိုကောင်းမွန်စေတယ်။

## နိုင်ငံတကာအဆင့် အိမ်ထောင်ရှင်အမျိုးသမီးယှဉ်ပြိုင်ပွဲကို မြန်မာနိုင်ငံမှကိုယ်စားပြု (၆) ဦး သွားရောက်ယှဉ်ပြိုင်မည်

စင်ကာပူနိုင်ငံတွင်ကျင်းပမည့် နိုင်ငံတကာအဆင့် အိမ်ထောင်ရှင်အမျိုးသမီးများယှဉ်ပြိုင်ရမည့် Mrs. Elite, Mrs. International နှင့် Single Mom စသည့်ပြိုင်ပွဲများအတွက် မြန်မာနိုင်ငံကိုယ်စားပြု အိမ်ထောင်ရှင်အလှမယ် (၆) ဦး သွားရောက်ယှဉ်ပြိုင်နိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း ပွဲစီစဉ်သူများထံကသိရသည်။

ပွဲစီစဉ်သူ National Director ဒေါ်လှနုထွန်းက 'ဒီပြိုင်ပွဲအတွက် Date ကိုတော့ သေချာမပြောနိုင်သေးဘူး။ မနှစ်ကတော့ ဇွန်လ၊ ဇူလိုင်လမှာကျင်းပမယ်ဆိုပြီး အောက်တိုဘာမှာလုပ်ဖြစ်ခဲ့တယ်။ ဒီနှစ်ကတော့ အချိန်ကို သေချာမသိသေးဘူး။ မနှစ်က လှနုတို့နိုင်ငံက Mrs. International အတွက် တစ်ယောက်၊ Mrs. Elite အတွက် တစ်ယောက် စုစုပေါင်းနှစ်ယောက်ပဲပြိုင်ခွင့်ရတယ်။ အဲ့ပွဲမှာ ဆုရတယ်။ အောင်မြင်ခဲ့တဲ့အတွက် ဒီနှစ်ကျတော့ ထူးထူးခြားခြား ၄၅ နှစ်အောက်ပြိုင်ရတဲ့ Mrs. International ကို ၃ ယောက်၊ ၄၅ နှစ်အထက်ပြိုင်ရတဲ့ Mrs. Elite ကို ၂ ယောက် ယှဉ်ပြိုင်ခွင့်ရခဲ့တယ်။ ပြီးတော့ဒီနှစ်မှာ အစ်မတို့အနေနဲ့ Single Mom ကို ပထမဆုံး အနေနဲ့ဝင်ပြိုင်ခွင့်ရခဲ့တယ်။ အခုကိုယ်စားပြု ၆ ယောက်လုံးက တစ်ချိန်တည်းမှာပဲ စင်ကာပူနိုင်ငံမှာပြိုင်ကြမှာပါ' ဟုပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်မည့် အသက် ၄၅ နှစ်နှင့် အထက်ယှဉ်ပြိုင်ရမည့် Mrs. Elite International 2017 အတွက် မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် Mrs. Myanmar Elite (Yangon) 2017 ဒေါ်ပြည့်ပြည့်ကျော်၊ Mrs. Myanmar Elite (Mawlamyaing) 2017 ဒေါ်ဖြူဖြူရွှေ၊ ၄၅ နှစ်အောက် Mrs. International 2017 အတွက် မြန်မာနိုင်ငံကိုယ်စားပြု Mrs. Myanmar International (Yangon) 2017 ဒေါ်ဝါဝါဖုန်းမြင့်၊ Mrs. Myanmar International (Sagaing) 2017 ဒေါ်ထက်ထက်၊ Mrs. Myanmar International (Mandalay) 2017 ဒေါ်ရွှေသော်သော်၊ Single Mom Mrs. Myanmar International 2017 ဒေါ်ပွင့်ဖြူစိုးတို့က ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲအတွက် လိုအပ်သည့်အနီးကပ်လေ့ကျင့်သင်ကြားမှုကို ၁၀ ရက်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ ပွဲစီစဉ်သူ ဒေါ်လှနုထွန်းက 'သူတို့ကို သရဖူမချီးမြှင့်ရသေးဘူး။ သရဖူချီးမြှင့်ပွဲကို Happy World မှာကျင်းပသွားမယ်။ ပြီးတော့ သရဖူချီးမြှင့်ပွဲမှာ သူတို့ရဲ့ English Skill ကိုစစ်မယ်ပေ့ါ။ လိုအပ်တာ ထပ်သင်ပေးမယ်။ သူတို့က အိမ်ထောင်သည်တွေဖြစ်တော့ အပျိုလေးတွေလို နှစ်နဲ့လနဲ့ချီပြီး Train လို့မရဘူး။ သူတို့မှာ သားသမီး၊ အိမ်ထောင့်ဝေယျာဝစ္စရှိတဲ့အတွက် အနီးကပ် ၁၀ ရက်လောက်ပဲ Train မယ်။ အဓိကကတော့ ပညာရေးပေ့ါ။ အိမ်ထောင်သည်ဖြစ်ပြီးနောက်ပိုင်း ဘယ်သူကမှစာမဖတ်ကြတော့ဘူး။ စာလေ့လာမှုမရှိကြတဲ့အတွက် စာနဲ့ပတ်သက်ပြီးလည်း Train ပါမယ်' ဟု ပြောကြားခဲ့သည်။

**မြင့်မြတ်အောင်မြင်**

# အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပမည့် ပစိဖိတ်ကရာတေးဖိတ်ခေါ်ပြိုင်ပွဲသို့ ကျို့ခ်ရှင်းကရာတေးအဖွဲ့ချုပ်မှ ဝင်ရောက်ယှဉ်ပြိုင်မည်

အင်ဒိုနီးရှားနိုင်ငံတွင် မေလ ၁၈ ရက်နေ့မှစတင်၍ ၅ ရက်ကြာကျင်းပမည့် ၂၀၁၇ ခုနှစ်၊ ပစိဖိတ်ကရာတေးပြိုင်ပွဲကြီးသို့ မြန်မာနိုင်ငံကျို့ခ်ရှင်းကရာတေးသင်တန်းကျောင်းမှ ခါးပတ်နက်ရထားသူ ကရာတေးကစားသမား ၂ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ယင်းသင်တန်းကျောင်း၏အုပ်ချုပ်သူဆရာကြီး ဦးမောင်မောင်မြင့်က ပြောကြားသည်။

'ကျွန်တော်တို့ ကျို့ခ်ရှင်းသင်တန်းကျောင်းက နိုင်ငံတကာပြိုင်ပွဲကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလအတွင်း ဂျပန်နိုင်ငံမှာကျင်းပတဲ့ Karate World Cup 2016 ပြိုင်ပွဲမှာ ကမ္ဘာ့နိုင်ငံပေါင်း ၉၇ နိုင်ငံနဲ့အတူ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ပထမဦးဆုံးအတွေ့အကြုံဖြစ်တဲ့အတွက် ဆုမရရှိခဲ့ဘူး။ ဒီနှစ်ကျင်းပမည့် ပစိဖိတ်ဖိတ်ခေါ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ဖို့ အရည်အသွေးရှိတဲ့ ခါးပတ်နက်ဖိုက်တာ ၂ ဦးကို ရွေးချယ်ထားပြီးပါပြီ။



ပြိုင်ပွဲမှာ အကောင်းဆုံးယှဉ်ပြိုင်နိုင်ဖို့ ပြင်ဆင်မှုတွေလုပ်ဆောင်ထားပါတယ်' ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကျို့ခ်ရှင်းကရာတေးကစားနည်းကို ၁၉၅၇ ခုနှစ်တွင် မြန်မာနိုင်ငံ၌စတင်မိတ်ဆက်ခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် ကျယ်ကျယ်ပြန့်ပြန့်လေ့လာလိုက်စားခဲ့သည့် ပညာရပ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ စတင်တည်ထောင်စဉ်က ကလပ်အဖြစ်ထူထောင်ခဲ့ကာ ကရာတေးပညာရပ်အား ဖြန့်ဖြူးသင်ကြားလာခဲ့ခြင်းဖြစ်၍ ယခုအခါနှစ်ပေါင်း ၄၄ နှစ်ကြာ ခိုင်မာစွာရပ်တည်လျက်ရှိသော သင်တန်းကျောင်းတစ်ခုဖြစ်သည်။

အဆိုပါ ကျို့ခ်ရှင်းကရာတေးပညာရပ်ကို တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် နံနက် ၇ နာရီခွဲမှ ၉ နာရီခွဲအထိ တစ်ချိန်နှင့် အင်္ဂါ၊ ကြာသပတေး၊ စနေနေ့များတွင် ညနေ ၅ နာရီမှ ၆ နာရီခွဲအထိတစ်ချိန် တစ်နှစ်ပတ်လုံးသင်ကြားပေးလျက်ရှိပြီး နွေရာသီသင်တန်းအားမတ်၊ ဧပြီ၊ မေ ၃ လ အခြေခံကရာတေးသင်တန်းများ ပို့ချပေးခဲ့ခြင်းဖြစ်ကာ မေလ ၈ ရက်နေ့က ကရာတေးစွမ်းရည်ပြပွဲ၊ ပြိုင်ပွဲနှင့် သင်တန်းဆင်းပွဲကို ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ Judson Church Center တွင် ကျင်းပခဲ့ကြောင်းသိရသည်။

**မင်းထွဏ်း**

## Procare ဆပ်ပြာအသစ် (၃) မျိုး မိတ်ဆက်

ကျန်းမာရေးအတွက် ဖော်မြူလာအသစ်ဖြင့် အရည်အသွေးမြင့်ဖြင့် ထုတ်လုပ်ထားသော Procare ဆပ်ပြာအသစ် (၃) မျိုး မိတ်ဆက်ခြင်းအခမ်းအနားကို မေလ ၄ ရက်နေ့၊ ၇ နာရီက ရန်ကုန်မြို့၊ ပြည်လမ်းရှိ Novotel Hotel ၌ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ Procare ဆပ်ပြာသစ် (၃) မျိုးသည် ပုံစံအသစ်၊ ရနံ့သစ်နှင့် ဖော်မြူလာအသစ်များဖြင့် ထုတ်လုပ်ထားခြင်းဖြစ်သည်။ အမျိုးအစားအား




လုံးတွင် မြန်မာနိုင်ငံရှိမိခင်များအတွက် အရေးကြီးဆုံးလိုအပ်ချက်များ၊ လိုလားချက်များအတိုင်း ထည့်သွင်းထုတ်လုပ်ထားခြင်းဖြစ်ပြီး ကုမ္ပဏီအနေဖြင့် သုံးစွဲသူပြည်သူများအတွက် တစ်ကိုယ်ရည်သန့်ရှင်းမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် သုံးစွဲသူစိတ်ကျေနပ်မှုရရှိစေရန်ရည်ရွယ်ပြီး စဉ်ဆက်မပြတ်လုပ်ဆောင်နေတာဖြစ်ပြီး ယခု Procare ဆပ်ပြာအမျိုးအစားတစ်မျိုးချင်းစီတွင် အရည်အသွေးမြင့်ကြာရှည်ခံသည့် ဂျပန်မွှေးရနံ့များပါဝင်ပြီး ကမ္ဘာ့အဆင့်မီနည်းပညာဖြင့် ထုတ်လုပ်ထားပါတယ်ဟု UBPM ၏ မန်နေဂျင်းဒါရိုက်တာဒေါ်အိမျိုးသွယ်က ပြောကြားသည်။

Procare Fresh Relief ဆပ်ပြာအသစ်သည် အေးမြလန်းဆန်းစေသောနည်းပညာနှင့် ရှားစောင်းလက်ပတ်ပါဝင်ထုတ်လုပ်ထားပြီး ယားယံခြင်းကိုဖြစ်စေသော ပိုးမွှားများနှင့် ဘက်တီးရီးယားများကို နူးညံ့စွာဖယ်ရှားကာကွယ်ပေးပြီး မိတ်များ၊ အဖုအပိန့်များထွက်ခြင်းမှ သက်သာစေကာ ခြောက်သွေ့အရေပြားကို အေးမြစိုပြေစေပါသည်။ Procare Sweat Protect ဆပ်ပြာသစ်သည် အနံ့ဆိုးများတားဆီးပေးသော နည်းပညာနှင့်ကျောက်ချဉ်အခဲများဖြင့် ထုတ်လုပ်ထားပြီး ဘေးထွက်ဆိုးကျိုးမရှိစေဘဲ အရေပြားပေါ်ရှိ ချွေးနံ့ဆိုးများဖြစ်စေသော ပိုးမွှားများနှင့် ဘက်တီးရီးယားများမှ ကာကွယ်ပေးကာ ကိုယ်ခန္ဓာရှိ အနံ့ဆိုးများကို ထိရောက်စွာဖယ်ရှားပေးပြီး Procare Safe & Clean ဆပ်ပြာသစ်သည် ဘက်တီးရီးယားများကို ကာကွယ်ပေးသော နည်းပညာနှင့် သံပုရာသီးဖြင့်ထုတ်လုပ်ထားသည်။ အရေပြားပေါ်ရှိ ဘက်တီးရီးယားနှင့် ရောဂါဖြစ်စေသော ပိုးမွှားများမှကာကွယ်ပေးပြီး အရေပြား ကြာရှည်သန့်ရှင်းစေခြင်းနှင့်အတူ ပိုးမွှားများပြန်လည်ပေါက်ဖွားခြင်းကိုလည်း ထိန်းချုပ်ပေးသည်။

**KMC**

## ၂၀၁၇–၂၀၁၈ ပညာသင်နှစ် ပထမတန်းသင်ရိုးတွင် ဘာသာရပ် (၁၀) ခု ပါဝင်မည်

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တွင် KG တန်းကနေ အတန်းကူးပြောင်းပြီး ပထမတန်းအတွက် သင်ရိုးညွှန်းတမ်းတွင် ဘာသာရပ် (၁၀) ခု ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

လက်ရှိပထမတန်းကို တာဝန်ယူသင်ကြားပေးမည့် ဆရာ၊ ဆရာမများကို သင်ရိုးညွှန်းတမ်း၊ သင်ကြားပေးရမည်များနှင့်ပတ်သက်ပြီး မြို့နယ်အဆင့်သင်တန်းပေးနေပြီဖြစ်ကြောင်းသိရသည်။ ပထမတန်းကလေးများအတွက် သင်ခန်းစာကို ပေါ့ပေါ့ပါးပါးဆောင်ရွက်နိုင်သော သင်ရိုးညွှန်းတမ်းများဖြစ်ကြောင်း အဆင့်မြင့်ပညာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံက သိရသည်။

ယခုနှစ် ပထမတန်းသင်ရိုးညွှန်းတမ်းတွင်ပြီးခဲ့သည့် KG တန်းက သင်ထောက်ကူပစ္စည်းများကို ပြန်လည်အသုံးပြုသွားမည်မဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်နှင့်ဆက်စပ်ပြီး အသုံးချမည့်သင်ခန်းစာများစွာ ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

**မြင့်မြတ်အောင်မြင်**



# တောင်လေးလုံးကျောင်းတိုက် ဆရာတော်ရဟန်းစာဆို ကိုပညာ(အမရပူရ) အထိမ်းအမှတ်ကျောက်စာတိုင်ဖွင့်လှစ်



အမရပူမြို့နယ် တောင်လေးလုံးကျောင်းတိုက်ဆရာတော် ရဟန်းစာဆို ကိုပညာ (အမရပူရ) အထိမ်းအမှတ် ကျောက်စာတိုင် ဖွင့်ပွဲကို မေလ ၁၀ ရက်နေ့ နံနက် ၉ နာရီက မန္တလေးခရိုင်၊ အမရပူမြို့နယ်တောင်သမန်အနီးရှိ တောင်လေးလုံးကျောင်း တိုက်သူငွေဘုရားရင်ပြင်တွင်ကျင်းပရာ မန္တလေးမြို့ရှိ စာရေး ဆရာ၊ သတင်းစာဆရာ၊ ကဗျာဆရာများ၊ စာပေချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သတင်းစာဆရာကြီးမောင်သစ်လွင် (လူထု)၊ ကဗျာဆရာကြီးကိုလေး (အင်း၀ဂုဏ်ရည်)၊ စာရေးဆရာ စိုးနိုင်(မန္တလေးတက္ကသိုလ်)နှင့်မန္တလေးတိုင်းဒေသကြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးသိန်းတန်တို့က အမှတ်တရစကား များပြောကြားကြသည်။ ထို့နောက်ကျောက်စာတိုင်ကို စာရေး ဆရာမခင်သူသူ၀င်းနှင့် ပန်တျာငွေငွေးမြင့်တို့က ဖွင့်လှစ်ပေးခဲ့ သည်။ ကျောက်စာတိုင်ကို တောင်လေးလုံးမြတ်နိုးသူများအဖွဲ့ ကစီစဉ်ကာ ပန်းပုပညာရှင်ဦးအောင်မင်းကထုလုပ်ခဲ့ကြောင်းသိရ သည်။

**မောင်ပြည်သူ (မန္တလေး)**

# Mr& Miss Culture World 2017 ပြိုင်ပွဲ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည်

Mr & Miss Culture World 2017 ပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် မေလ ၁၇ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံကိုယ်စားပြု Mr & Miss (၃) ဦး ၀င်ရောက်ယှဉ်ပြိုင်မည်ဖြစ် ကြောင်း မေလ ၆ ရက်နေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ City Star Hotel တွင် ကျင်းပပြုလုပ်သော မိတ်ဆက်ပွဲတွင် Mr & Miss Culture World Myanmar Organization ၏ CEO ကိုထက်ဝေဟင်မှ ပြောကြားသည်။

World အမည်နဲ့ပြောင်းလဲ ကျင်းပခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံကိုယ်စားပြု မနှင်းဝတ်ရည်က Best Skin award ဆုနှင့်အတူ Miss Culture Asia World 2016 ဆုကိုရရှိခဲ့ပြီး၊ မောင်ကျော်ဇင်ထွန်းက Best Formal Wear award, Best catwalk award နှင့် Mr Culture Asia World 2016 ရဲ့ 2 Runner Up ဆုတို့ကိုဆွတ်ခူးရရှိခဲ့ပါတယ်' ဟု ကိုထက်ဝေဟင်မှပြောသည်။

ယခုနှစ်ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် အဆိုပါပြိုင်ပွဲကြီးသို့ ၀င်




'Mr & Miss Culture World Organization ကို ၂၀၁၅ ခုနှစ်မှာ စတင်ထူထောင်ခဲ့ပြီး မလေးရှားနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် စတင်ကျင်းပခဲ့တာဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲမှာ မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ခဲ့ခြင်းမရှိပါဘူး။ ၂၀၁၆ ခုနှစ်ကမှ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ အာရှနိုင်ငံများသာမက အခြားကမ္ဘာ့နိုင်ငံများပါ ပါဝင်လာတဲ့အတွက် Mr & Miss Culture Asia

ရောက်ယှဉ်ပြိုင်ရန် Mr Culture World 2017 အဖြစ် ရန်ကုန်မြို့မှ ကောင်းထက်ဝေ၊ ထားဝယ်မြို့မှ အောင်မျိုးသူရနှင့် Miss Culture World 2017 အဖြစ် မန္တလေးမှ ခက်မျိုးဝေ၊ ပဲခူးမှ ယွန်းရတီဦးတို့ အားရွေးချယ်ထားသော်လည်း ၃ ဦးသာ ၀င်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းအဆိုပါမိတ်ဆက်ပွဲမှ သိရသည်။

**မင်းထွဏ်း**

# မြန်မာပြည်သိန်းတန်၏ အန်ကယ်ကတော့ No ပါ၊ မအားသေးဘူး (နှိပ်ဟန်ဆော်ဓမ္မတေး) စတင်ဖြန့်ချီ

တေးသံရှင် မြန်မာပြည်သိန်းတန်၏ 'အန်ကယ်ကတော့ No ပါ၊ မအားသေးဘူး' နှိပ်ဟန်ဆော်ဓမ္မတေး သီချင်း Audio CD အခွေကို မေလ ၁၀ ရက်နေ့တွင် ရတနာမြိုင်တေးထုတ်လုပ်ဖြန့်ချီရေးမှ ပရိုမိုးရှင်းပွဲများ ကျင်းပ၍ စတင်ဖြန့်ချီကြောင်းသိရသည်။

'ကျွန်တော်က စတူဒီယိုတေးသံရှင်တစ်ဦးဖြစ်ပါတယ်၊ တေးသံရှင်မဖြစ်မီ ဂစ်တာအတီးသမားတစ်ဦးပါ။ အခုချိန်ခါမှာဆိုရင် စတူဒီယိုပန်းဥယျာဉ်ကြီးက တအားကိုဖွံ့ဖြိုးကြီးထွားနေပါပြီ။ ဒီနယ်မြေမှာ လျှောက်လှမ်းနေရင်းနဲ့ အသက်လည်းတော်တော်လေးရလာတဲ့အခါကျတော့ သစ္စာတရားတွေ၊ ဝိပဿနာတရားတွေနာဖြစ်ပါတယ်။ ၃၁ ဘုံ ဒုက္ခဝဋ်ကြီးထဲမှာ တစ်ဝဲလည်လည်ကျင်လည်နေရတာကို နားလည် သဘောပေါက်လာပါတယ်။ ဒုက္ခဝဋ်ကလွတ်မြောက်မယ့် နိဗ္ဗာန်ချမ်းသာနေရာကို ကိုယ်လုပ်မှကိုယ်ရမှာဖြစ်ပါတယ်။ ဒီတရားတွေကို နာရသမျှ၊ ဉာဏ်ထဲမှာပွင့်သမျှကို ရေးစပ်သီကုံးပြီး သီချင်းအဖြစ်ပုံဖော်ဖြန့်ဝေရင် အင်မတန်အကျိုးရှိမှာပဲလို့ အတွေး၀င်လာပြီး ဒီသီချင်းတွေကိုဖန်တီးဖြစ်တာပါ' ဟု တေးသံရှင်မြန်မာပြည်သိန်းတန်က ပြောသည်။

အဆိုပါတေးသီချင်းခွေတွင် မြန်မာပြည်သိန်းတန်ကိုယ်တိုင်ရေး ဓမ္မတေးသီချင်း ၁၀ ပုဒ်ပါဝင်ပြီး IMMORTAL တေးဂီတဝိုင်းမှ တီးခတ်ပံ့ပိုးပေးထားကာ ပရိုမိုးရှင်းပွဲများ အဖြစ် Happy World, Happy Zone နှင့် ကျိုက္ကဆံစူပါမင်းတို့တွင်ကျင်းပ၍ တစ်နိုင်ငံလုံးသို့ဖြန့်ချီပေးသွားမည်ဖြစ် ကြောင်းသိရသည်။

**မင်းထွဏ်း**



# ငါးကုန်ကြမ်းဈေးမြင့်၍ ငါးခြောက်လုပ်ငန်း အခက်ကြုံ

ငါးခြောက်လုပ်ရန်အတွက်ကုန်ကြမ်းကို ပင်လယ်ငါးနှင့်မွေးမြူရေးငါး များကို ဈေးကောင်းပေးဝယ်နေရသော်လည်း လိုသလောက်ဝယ်မရ၍ အခက်ကြုံတွေ့နေရကြောင်းကို မြန်မာနိုင်ငံ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်ထုတ် လုပ်ရောင်းဝယ်သူများအသင်းမှ သိရသည်။

ယခင်က ငါးတန်ခြောက်လုပ်ဖို့ ငါးတန်တစ်ပိဿာ ၁,၇၀၀ ကျပ်ရှိပြီး ယခု ၂,၃၀၀ ကျပ်အထိဖြစ်နေပြီး လိုသလောက်ပင်မရဖြစ်နေသည်။ ပင်လယ် ငါးခြောက်အတွက် ရန်ကုန်တွင် ပင်လယ်ငါးယူသည့်ဆိပ်ကမ်း ၈ ခုရှိသော် လည်း ရန်ကုန်ဈေးကွက်တွင် လူစားများသော ငါးကျည်း၊ ငါးခူ၊ ငါးရံ့တို့မှာ ဈေးကြီးနေသဖြင့် ပင်လယ်ငါးအစားများလာကြ၍ ငါးခြောက်လုပ်ငန်းရှင်များ လုပ်ကိုင်နေကြရသည်။

ငါးခြောက်ရုံများတွင်လုပ်ကိုင်နေကြရသည့် အလုပ်သမားတွေမှာလည်း အလုပ်ရှင်မှ ကုန်ကြမ်းအခက်အခဲကြောင့် အလုပ်ပါးဝင်ငွေလျော့နည်းမှုများ ကြုံတွေ့နေရကြောင်းသိရသည်။

**ဝင်းမြင့်ဦး**

စက်မှုအလင်းဂျာနယ် Beacon of Industry Journal

# စက်မှုလုပ်ငန်းခွင်အန္တရာယ် အနီးအဝေး

စိန်ထွန်း (ကမြိုင်)




အနောက်နိုင်ငံတစ်ခုက ထုတ်တဲ့ စာအုပ်တစ်အုပ်ဖတ်ခဲ့ဖူးပါတယ်။ စာအုပ်အမည်ကိုတော့ မေ့နေပါပြီ။ အဓိပ္ပာယ်ကတော့ 'နှစ် ၁၀၀ အတွင်း စက်ရုံလုပ်ငန်းခွင် မတော်တဆဖြစ်မှုများ' တဲ့။ နှစ် ၁၀၀ အတွင်း ဖြစ်ပျက်ခဲ့သမျှတွေကတော့ မနည်းလှပါဘူး။ အဲဒီ့အဖြစ်အပျက်တွေထဲက တစ်ခုကတော့ ခေါင်းထဲမှာစွဲနေပါတယ်။ အဲဒီ့အဖြစ်အပျက်ကို ပြန်ပြောပြချင်ပါတယ်။ သင်ခန်းစာယူစရာရှိတာလည်း ယူရအောင်လို့ပါ။

ဒုတိယကမ္ဘာစစ်အတွင်းကတဲ့။ စစ်သုံးပေါက်ကွဲ ယမ်းစက်ရုံကြီးတစ်ရုံမှာ ဖြစ်ပွားခဲ့တာပါ။ စပြီးဖြစ်ပွားတဲ့ အရင်းအမြစ်ကတော့ Waste Acid Tank စွန့်ပစ်ရမယ့်ပစ္စည်းဖြစ်တဲ့ သုံးပြီးသားအက်ဆစ်တွေကို သိုလှောင်ထားတဲ့တိုင်ကီကြီးကစပြီး မီးလောင်ပေါက်ကွဲမှုဖြစ်တာတဲ့။ ဒါနဲ့တင်မပြီးသေးပါဘူး။ အဲဒီပေါက်ကွဲမှုကနေပြီး အခြားစက်ရုံများကိုပါ ကူးစက်ပေါက်ကွဲသွားလိုက်တာ စက်ရုံစုကြီးတစ်ခုလုံး ကုန်ပါရောတဲ့။

ဖြစ်ပွားရခြင်း အကြောင်းအရင်းကတော့ ဒီလိုပါ။ အဲဒီအက်ဆစ်တိုင်ကီကြီးရဲ့ နှုတ်ခမ်းပေါ်မှာ တန်းတစ်တန်းရှိပြီး အဲဒီတန်းပေါ်မှာ အလုပ်ခွင်သန့်ရှင်းရေးလုပ်တဲ့ အဝတ်စကြီးကို အလုပ်သမားတစ်ယောက်က တင်ပြီးထားခဲ့ပါတယ်။ စက်ရုံတစ်ခုလုံး လည်ပတ်နေတဲ့အခါမှာ ကွန်ယက်သဖွယ်သွယ်တန်းထားတဲ့ ပိုက်၊ မော်တာ၊ လေမှုတ်စက်၊ ပန်ကာ စတဲ့ စက်ရုံအစိတ်အပိုင်းအားလုံးဟာ တစ်ချိန်လုံး တုန်ခါနေကြမှာပေါ့။ တန်းပေါ်တင်ထားတဲ့ အဝတ်စကြီးကလည်း **တုန်ခါနေတဲ့တန်းပေါ်က** တဖြည်းဖြည်းလျှောလျှောပြီး ကျနေရာက နောက်ဆုံးမှာအဝတ်စကြီးဟာ တန်းပေါ်ကနေပြီး အက်ဆစ်တွေထဲ ပြုတ်ကျသွားခဲ့တာတဲ့။ တိုတိုပြောရရင်တော့ **ပြုတ်ကျလာတဲ့အဝတ်စကြီး**ရယ်၊ ယမ်းချက်ရာမှာသုံးပြီးဖြစ်တဲ့အက်ဆစ်တွေရယ်၊ အဲဒီအက်ဆစ်တွေထဲမှာပျော်ဝင်နေတဲ့ **ယမ်းကြွင်းယမ်းကျန်**တွေရယ် ပေါင်းစပ်ပြီးဓာတ်ပြုရာက **မီးလောင်ပေါက်ကွဲမှုကြီး စတင်ခဲ့တာပါ**။

ဒီဖြစ်စဉ်တစ်ခုလုံး ခြုံပြီးသုံးသပ်ရရင် အဝတ်စတစ်စက အစပျိုးခဲ့တာလို့ အလွယ်တကူပြောကြမှာဖြစ်ပါတယ်။ ဒါပေမဲ့ တကယ်တမ်းအရင်းစစ်တော့ လူပါပဲ။ အဝတ်စကတော့ သူ့ဘာသာ အက်ဆစ်တိုင်ကီကြီးပေါ် ခုန်တက်ပြီး ဒိုင်ဗင်ထိုးမဆင်းတတ်ပါဘူး။ အန္တရာယ်ဖြစ်တတ်တဲ့နေရာ၊ အန္တရာယ်မလွတ်ကင်းတတ်တဲ့နေရာမှာ ဒီအဝတ်စကြီးကိုတင်ထားခဲ့တာ လူပါ။ အဝတ်စနဲ့အက်ဆစ်ထိတွေ့ရင် ဓာတ်ပြုမှုပြင်းထန်ပြီး မီးတောက်လောင်တတ်တယ်ဆိုတာ ဒီစက်ရုံက အလုပ်သမားတစ်ယောက်အနေနဲ့ မသိလို့ဘဲလို့ ပြောရမှာခက်ပါတယ်။ အက်ဆစ်တိုင်ကီကြီးကို အဖုံးမတပ်ဆင်ဘဲ သုံးနေတာဟာလည်း အန္တရာယ်ကာကွယ်ရေးအစီအစဉ်ညံ့ဖျင်းမှုလို့ ပြောရမှာဖြစ်ပါတယ်။ အကြောင်းရင်းမှန်ကတော့ လူရဲ့ပေါ့လျော့မှုပါ။

နောက်ထပ်တစ်ခု တင်ပြချင်တာကတော့ တရုတ်နိုင်ငံ၊ ဘီယန်ကျင်းဓာတုစက်ရုံကြီး မီးလောင်မှုပါ။ သေဆုံးသူ ၁၇၃ ဦးရှိပါသတဲ့။ အလှကုန်ပစ္စည်းတွေထုတ်လုပ်တဲ့ စက်ရုံကြီးတစ်ရုံဖြစ်ပုံရပါတယ်။ ဖြစ်ပုံကတော့ **လက်သည်းဆိုးဆေးမှာသုံးတဲ့ ဓာတုပစ္စည်းမီးလောင်ရာက အဆင့်ဆင့်ကူးစက်ပြီး စက်ရုံကြီးတစ်ရုံလုံး မီးလောင်ဆုံးရှုံးခဲ့တာလို့ဆိုပါတယ်။** (တွေ့ဖူးသလောက်ပြောရရင် လက်သည်းဆိုးဆေးမှာသုံးတဲ့ ဓာတုပစ္စည်းဆိုတာတွေထဲမှာ အဖျော်ဆီအဖြစ်နဲ့ အက်စီတုန်း (Acetone) ကိုသုံးတာ အများဆုံးတွေ့ရပါတယ်။ အဲဒီအက်စီတုန်းဆိုတဲ့အဆီဟာ အနံ့ကလေးသင်းသလောက် အလွန်မီးလောင်လွယ်ပါတယ်။)

ဒီဖြစ်စဉ်ကလည်း သင်ခန်းစာယူစရာလေးတွေရပါတယ်။ အက်စီတုန်းလို အလွန်မီးလောင်လွယ်တဲ့ပစ္စည်းနဲ့ မလွတ်ကင်းတဲ့နေရာ၊ လူနဲ့နီးတဲ့နေရာဖြစ်စေ၊ လူနဲ့ကင်းဝေးတဲ့ စတိုခန်းလိုနေရာဖြစ်စေ မီးဘေးအန္တရာယ်ကိုကာကွယ်တဲ့ အထူးစီမံချက်တွေရှိနေဖို့လိုပါလိမ့်မယ်။ သူနဲ့ထိတွေ့ဆက်စပ်နေတဲ့ အလုပ်ခွင်နေရာတွေမှာလည်း အထူးကြပ်မတ်ထားတဲ့ စီမံချက်တွေရှိဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ နောက်တစ်ခု ဆင်ခြင်သုံးသပ်နိုင်တာတော့ ဓာတုစက်ရုံတွေဟာ တစ်နေရာက တစ်နေရာကိုကူးစက်မှုလွယ်ကူပြီး အပျက်အစီး အသေအပျောက်များနိုင်တယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဘီယန်ကျင်းစက်ရုံကြီးဖြစ်ရပ်မှာ လူ့အသက်ဆုံးရှုံးတာ (၁၇၃) ယောက်ဆုံးရှုံးတာကိုကြည့်ပြီး ပြောတာပါ။

ပြည်တွင်းမှာဖြစ်ခဲ့တဲ့ ဖြစ်ရပ်တစ်ခုကိုလည်း တင်ပြပါဦးမယ်။ အင်းစိန်မှာရှိတဲ့ စက္ကူစက်ရုံမှာဖြစ်ပွားခဲ့တယ်ဆိုတဲ့ သတင်းတစ်ပုဒ်ကို ဖတ်ရှုမှတ်သားထားမိပါတယ်။ မကြာသေးပါဘူး။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်ထဲမှာပဲဖြစ်ခဲ့တာပါ။ စက္ကူစက်ရုံရဲ့တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ စက္ကူကြိတ်စက်ထဲ အလုပ်သမားတစ်ယောက် ညပ်ပါသွားပြီး သေဆုံးခဲ့ပါသတဲ့။ ဖြစ်ပုံကတော့ဒီလိုပါ။ စက္ကူကြိတ်စက်ရပ်နားထားတဲ့အချိန်မှာ အဲဒီအလုပ်သမားလေးက စက္ကူကြိတ်စက်ထဲမှာ ဝင်အိပ်နေတာလို့ဆိုပါတယ်။ စက်မောင်းသူက ကောင်လေးစက်ထဲမှာ ဝင်အိပ်နေကတာကိုမသိဘဲ နံနက် ၂ နာရီလောက်မှာ စက်ကိုမောင်းလိုက်ရာက ဒီလိုမျိုးဖြစ်ပွားခဲ့တာပါတဲ့။ ဒီလိုအဖြစ်မျိုးကတော့ ရင်နာစရာကောင်းပါတယ်။ သေတာတောင်မှ မချိမဆန့်ခံစားပြီးမှ သေရတာမျိုးဖြစ်လို့ပါ။ ဒါပေမဲ့ ရင်နာနေရုံနဲ့မပြီးပါဘူး။

စက်ဆိုတာ မီးလိုပါပဲ။ မှန်မှန်ကန်ကန်အသုံးချတတ်ရင် လူကိုအကျိုးပြုမှာဖြစ်ပြီး မမှန်မကန်အသုံးချရင် အန္တရာယ်ပေးတတ်တယ်လို့ သဘောပေါက်ထားသင့်ပါတယ်။ မီးကိုရိုသေသလို စက်ကိုလည်းရိုသေရမယ်လို့ ယူဆပါတယ်။ စက်ထဲမှာ လာအိပ်တယ်၊ စက်ပေါ်လာထိုင်တယ်၊ စက်ကိုမှီထားတယ်ဆိုတာတွေဟာလည်း စက်ကိုမရိုသေ၊ မလေးစား၊ အမှုမထားတတ်ခြင်းပါပဲ။ နောက်ပြီးတော့ သင့်ကြောင့်မီးမလောင်ပါစေနဲ့စကားလိုပဲ သင့်စက်ကြောင့် တစ်ပါးသူ၊ တစ်ပါးပစ္စည်းတို့ မပျက်စီး၊ မထိခိုက်ပါစေနဲ့လို့ ပြောစမှတ်ပြုရဦးမယ်ထင်ပါတယ်။ အခုပြောခဲ့တဲ့ဖြစ်ရပ်မှာ စက်မောင်းသူကို ဝေဖန်ပြစ်တင်စရာတော့ မရှိပါဘူး။ ဒါပေမဲ့ ကိုယ်ကမောင်းလိုက်သူဖြစ်နေလေတော့ မိမိရဲ့ပယောဂပါနေတာတော့ ငြင်းစရာမရှိပါဘူး။ ဒါကြောင့် နောင်အလားတူဖြစ်ရပ်မျိုးတွေ ဖြစ်မလာအောင် အမိန့်ညွှန်ကြားချက်တွေ၊ စည်းကမ်းသတ်မှတ်ချက်တွေ ထပ်တိုးလာရမှာလည်း သေချာပါတယ်။

ပြည်တွင်းမှာ ဖြစ်ပွားခဲ့တဲ့ အန္တရာယ်တစ်ခုကို နောက်ထပ်တင်ပြပါဦးမယ်။ ဒီဖြစ်ရပ်နဲ့ပတ်သက်တဲ့ သတင်းတစ်ပုဒ်ကိုလည်း အမှတ်ထင်ထင် ဖတ်ရှုမှတ်သားထားမိပါတယ်။ ဖြစ်တဲ့နေရာကတော့ စစ်ကိုင်းမြို့ သံရည်ကျိုစက်ရုံတစ်ခုမှာဖြစ်ပါတယ်။ အဲဒီစက်ရုံရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ သံနန်းကြိုးဆွဲစက်မှာ လုပ်နေတဲ့ အလုပ်သမားတစ်ယောက် အလုပ်လုပ်နေရင်းနဲ့ ကြိတ်စက်အတွင်းဘောင်းဘီစ ညပ်ပါသွားရာက လူပါရောပါသွားပြီး အသက်ဆုံးရှုံးခဲ့ရတာပါ။

ဒီလိုဖြစ်ရပ်မျိုးတွေ နောက်ထပ်မဖြစ်ပွားရအောင် ဆင်ခြင်သုံးသပ်ကြရမှာပါ။ ဖြစ်ပေါ်လာတဲ့အန္တရာယ်ထဲမှာ အသက်ပေးသွားရသူတွေဟာ နောက်လူတွေအတွက် သင်ခန်းစာတွေချန်ထားခဲ့ပါတယ်။ သင်ခန်းစာယူတတ်ဖို့လိုပါတယ်။ သံသတ္တုလိုဟာမျိုးကို နန်းကြိုးဆွဲနေတဲ့စက်ရဲ့ အင်အားဟာ သေးမှာမဟုတ်ပါဘူး။ ဘောင်းဘီစညပ်ပါသွားတာကို ဆွဲနှုတ်ဖို့မလွယ်ပါဘူး။ သံနန်းကြိုးနဲ့ ရစ်ဘီးတို့ရဲ့ကြားမှာ ဖြစ်ပေါ်နေတဲ့ အားဟာ ထင်တာထက်အများကြီးကြီးမားမှာပါ။ **အဝတ်အစားကို ဘိုသီဘတ်သီဝတ်ကာ အထူးသဖြင့်အမျိုးသမီးတွေ ဆံပင်ရှည်တာတို့ဟာ လည်ပတ်နေတဲ့စက်တွေနဲ့အလုပ်လုပ်နေရတဲ့ အလုပ်သမားတွေအတွက်ကတော့ အန္တရာယ်ပါပဲ။** အကောင်းဆုံးကတော့ **အလုပ်ခွင်နဲ့ လိုက်ဖက်ညီလျော်မယ့် ယူနီဖောင်းသတ်မှတ်ဝတ်ဆင်စေရင် အကောင်းဆုံး** လို့တွေးထင်မိပါတယ်။ စက်ကိုလေးစားဖို့နဲ့ စက်ရဲ့အင်အားကို လျှော့မတွက်ဖို့ အလုပ်သမားရဲ့အာရုံထဲမှာ အမြဲရှိနေစေချင်ပါတယ်။

အထက်က တင်ပြခဲ့တဲ့ဖြစ်ရပ်တွေမှာအန္တရာယ်ဟာ စက္ကန့်ပိုင်းအတွင်း ဝုန်းကနဲ၊ ဒိုင်းကနဲပေါ်လာတာတွေပါပဲ။ ရှောင်ဖို့တိမ်းဖို့ အချိန်မရလိုက်ဘူးလို့ ဆိုရမှာပါ။ တချို့ကိစ္စရပ်တွေမှာ အန္တရာယ်ပေါ်နေပြီဆိုတာ အဝေးက ကြိုတင်မြင်ရသလိုမျိုး၊ အပူတပြင်း တားဆီးကာကွယ်ဖို့ အချိန်ရတာမျိုးတွေလည်း ရှိတတ်ပါတယ်။ ဒီနေရာမှာလည်း ရှောင်တတ်တိမ်းတတ်ဖို့၊ ကာကွယ်တားဆီးတတ်ဖို့တော့ လိုတာပေါ့နော်။ တစ်နည်းပြောရရင်တော့ ရှောင်နိုင်တိမ်းနိုင်ခဲ့ရင် အန္တရာယ်ဟာ ဝေးလွင့်ပျောက်ကွယ်သွားမှာဖြစ်ပြီး မရှောင်နိုင်မတိမ်းနိုင်ရင်တော့ ထိပ်တိုက်ရင်ဆိုင်လိုက်ရမှာပဲဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်ကြုံတွေ့ရတဲ့ဖြစ်ရပ်ကလေးတစ်ခုပြောပြချင်ပါတယ်။

ကျွန်တော်တာဝန်ထမ်းဆောင်နေတဲ့စက်ရုံက ဓာတုစက်ရုံ (Chemical Plant) တစ်ခုပါ။ ရေနံထွက်

စာမျက်နှာ ၂၂ သို့ -

# BMW 5 Series ကားမော်ဒယ်အသစ် ပြည်တွင်းဈေးကွက်သို့ စတင်ရောက်ရှိ

KMC

ကမ္ဘာ့အအောင်မြင်ဆုံး Business ကားအမျိုးအစား BMW 5 Series ၏သတ္တမမြောက်မျိုးဆက် The all-new BMW 5 Series သည် ပြည်တွင်းဈေးကွက်သို့ စတင်ရောက်ရှိလာကြောင်းသိရသည်။

The all-new BMW 5 Series သည် လျှင်မြန်သွက်လက်မှု၊ လှပကျော့ရှင်းမှု၊ ခန့်ညားထည်ဝါမှုတို့နှင့်အတူ တီထွင်ဆန်းသစ်သည့်နည်းပညာများဖြင့် ဖန်တီးတည်ဆောက်ထားသည့်အတွက် ကမ္ဘာတစ်ဝှမ်း ကားအစီးရေ ၇.၉ သန်းခန့် ထုတ်လုပ်ထားကြောင်းသိ ရသည်။ BMW Efficient Lightweight design concept နှင့် အတူပေါ့ပါးသည့် အလူမီနီယမ်နှင့်ခံနိုင်ရည်မြင့်မားသည့်သံမဏိတို့ကို ပေါင်းစပ်အသုံးပြုထားသည့်အတွက် the all-new BMW 5 Series သည် ယခင်ထက် ကားကိုယ်ထည်အလေးချိန်ကို 100 kg လျှော့ချထားပြီး ကားကိုယ်ထည်ဒီဇိုင်းအသစ်၊ ဆွဲငင်အားလျှော့ချမှု၊ ကားကိုယ်ထည်အလေးချိန်ကို 50:50 အချိုးဖြင့် ရှေ့နောက်ညီမျှအောင် ဖန်တီးထားမှုကြောင့် မြန်ဆန်သွက်လက်မှုကို ပေးစွမ်းနိုင်သည့်အပြင် ခရီးဝေးသွားရောက်ရာတွင်လည်း သာလွန်ငြိမ့်ညောင်းသည့်ခံစားမှုကို ပေးစွမ်းနိုင်သည့်အတွက် the all-new BMW 5 Series သည် ထိပ်တန်းကားအမျိုးအစား ကားတစ်စီးဖြစ်ကြောင်းသိရသည်။




ကျောဖုံးမှ-

Co.,Ltd. Managing Director ဦးအောင်မြတ်က လုပ်ငန်းလည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

စက်ရုံဌာနမှူးကိုမွေးဇော်အနေဖြင့် မူလစက်ရုံမှထုတ်လုပ်သည့် ရိုးရိုးမြေအုတ်အစား နည်းပညာမြင့်မားသည့်အပေါ်စားကွန်ကရစ်အုတ်နှင့် ဖိအားမြင့်ခံကွန်ကရစ်အုတ်စက်ရုံတစ်ရုံကို အုတ်စက်ရုံခွဲ (တညင်းကုန်း) တွင်လည်းကောင်း၊ ဖော့ကန်ဆိပ်ကမ်းမြေတွင် စက်ရုံနှစ်ရုံအသစ်တည်ဆောက်၍ အဆင့်မြင့်အုတ်များထုတ်လုပ်လျက်ရှိသည်။ ပုဂ်ရှေးဟောင်းစေတီများပြုပြင်ရာတွင်အသုံးပြုရန် ရှေးမပျက် အဆင့်မြင့်ကွန်ကရစ်အုတ်များကို အောင်မြင်စွာထုတ်လုပ်ပေးလျက်ရှိသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည့်အခြေအနေအရ ဆောက်လုပ်ရေးလုပ်ငန်းများလည်း တိုးပွားလာသည့်အတွက် အုတ်ထုတ်လုပ်သည့်စက်ရုံများ၏ ဈေးကွက်သည်လည်း ကျယ်ပြန့်စွာတည်ရှိလျက်ရှိသည်။ နိုင်ငံပိုင်စက်ရုံများအား ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ ဝင်ရောက်ရင်းနှီးမြှုပ်နှံပူးပေါင်းခြင်းကြောင့် နိုင်ငံတော်၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ နည်းပညာသစ်များလက်ခံရရှိခြင်း၊ ဝန်ထမ်းများအရည်အသွေးမြင့်မားလာစေခြင်း၊ ဈေးကွက်ယှဉ်ပြိုင်မှု အားကောင်းလာစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်းသိရသည်။

BMW သည် နောက်ဆုံးနည်းပညာဖြစ်သည့် Six Generation iDrive System ကို the all-new BMW 5 Series တွင်ထည့်သွင်းအသုံးပြုထားပြီး

စာမျက်နှာ ၇ သို့ -

စာမျက်နှာ ၂၀ မှ-

ဓာတုကုန်ကြမ်းတစ်မျိုးကနေပြီး ဓာတုထုတ်ကုန် ပစ္စည်းတစ်မျိုးကို ထုတ်လုပ်ပါတယ်။ ၂၄ နာရီဆက်တိုက်လည်ပတ်နေတဲ့ စက်ရုံပါ။ ဓာတုစက်ရုံဆိုတဲ့အတိုင်းပဲ စက်ရုံအလုပ်ခွင်ထဲမှာ လုပ်ကိုင်နေကြရတာက တော့ ဓာတုပစ္စည်းတွေအချင်းချင်း ဓာတ်ပြုတာကို တိတိကျကျ၊ မှန်မှန်ကန်ကန်ဖြစ်အောင် ထိန်းချုပ်ပြီး ပေါင်းစပ်ပေးရတာပါပဲ။

အဲဒီဓာတ်ပြုပေါင်းစပ်ပေးရတဲ့ အထဲမှာ နိုက်ထရစ်အက်ဆစ်လည်း ပါဝင်ပါတယ်။ ဆာဖျူရစ်အက်ဆစ်လည်း ပါဝင်ပါတယ်။ အန္တရာယ်ကြီးမားတဲ့ ပစ္စည်းတွေပါပဲ။ လုပ်ငန်းခွင်ထဲမှာလုပ်ကိုင်ရတဲ့ ဖြစ်စဉ်နဲ့သဘောသဘာဝတွေကိုတော့ မပြောတော့ပါဘူး။ ဖြစ်တဲ့နေရာလေးကိုပဲကွက်ပြီး ပြောပါမယ်။

အဲဒီနေရာမှာလုပ်ရတာက ကုန်ကြမ်းပစ္စည်းဖြစ်တဲ့ ရေနံဓာတုပစ္စည်းကို စောစောကပြောတဲ့အက်ဆစ်နှစ်မျိုးလုံးရောစပ်ထားတဲ့ အက်ဆစ်နှော (Mixed Acid) နဲ့ဓာတ်ပြုပေါင်းစပ်ပေးရမှာပါ။ အဲသလို ရောနှောပေါင်းစပ်ရာမှာ ဓာတုဓာတ်ပြုခြင်းဖြစ်ဖို့ ထည့်စရာ Reaction Vessels တွေ ၅ လုံးကို ပိုက်တွေနဲ့သွယ်တန်းပြီး ဆက်ပေးထားပါတယ်။ Stainless Steel ပစ္စည်းတွေပါပဲ။ အခန်းတစ်ခန်းသပ်သပ်ပါ။ အဲဒီအခန်းကိုတော့ Nitration Room လို့ပဲ ခေါ်ကြပါစို့။

Nitration Room မှာတာဝန်ကျတဲ့လုပ်သား (Operator) ရဲ့တာဝန်ကတော့ အောက်ကနေ Pump နဲ့ ပို့ပေးနေတဲ့ဓာတုကုန်ကြမ်းနဲ့ Mixed Acid တို့သတ်မှတ်နှုန်းထားနဲ့ မှန်မှန်စီးဆင်းနေဖို့ နောက်ပြီးတော့ Nitration Vessels တွေမှာ သတ်မှတ်ထားတဲ့အပူချိန်မှာ တည်တံ့နေအောင် ထိန်းချုပ်ပေးနေဖို့ပါပဲ။

အပူချိန်ထိန်းချုပ်ပေးတယ်ဆိုတဲ့နေရာမှာ ရှင်းလင်းအောင် နည်းနည်းပြောချင်ပါတယ်။ Reaction Vessels တွေဟာ ကိုယ်ထည်နှစ်ထပ်လုပ်ထားတာဖြစ်ပြီး ကိုယ်ထည်အပြင်ပိုင်းကတော့ Cooling Water စီးဝင်၊ စီးထွက်နေဖို့ပဲဖြစ်ပါတယ်။ Motor Stirror ခေါ်တဲ့ မွှေတံပါရှိပါတယ်။

လုပ်ငန်းခွင်အခင်းအကျင်းကိုတော့ ရှင်းပြပြီးပါပြီ။ ဖြစ်စဉ်ကိုပြောပါတော့မယ်။ လုပ်ငန်းခွင်ထဲ လျှောက်ပြီးကြည့်ဦးမှပဲဆိုပြီး ရုံးခန်းထဲကထွက်လာလို့ အဲဒီနေရာရောက်တော့ 'ဆရာကြီး ကယ်ပါဦး' ဆိုတဲ့ အသံကဆီးကြိုလိုက်ပါတယ်။ လေ့ကားရင်းကနေပြီး အပေါ်လှမ်းကြည့်လိုက်တော့ အော်ပရေတာကောင်လေးက အောက်ဆင်းဖို့ ခြေလှမ်းပြင်နေပါတယ်။ သူ့နောက်ဖက်မှာရှိတဲ့ Nitration အခန်းအဝင်တံခါးပေါက်ကနေပြီး နီညိုရောင်ဓာတ်ငွေ့တွေတွန်းထိုးပြီးထွက်နေတာကိုလည်း တွေ့လိုက်ရပါတယ်။

အန္တရာယ်တော့ပေါ်ပြီ။ ထွက်နေတဲ့ နီညိုရောင်ဓာတ်ငွေ့တွေကို မြင်လိုက်တာနဲ့ အခြေအနေဟာ အန္တရာယ်ဖြစ်ဖို့နီးနေပြီဆိုတာ သိလိုက်ပါတယ်။ အခန်းထဲဝင်လာတော့ တစ်ခန်းလုံးနီညိုရောင်ပိတ်ဖုံးနေပါတယ်။ ဒါပေမဲ့ Reaction Vessels တွေမှာ တပ်ဆင်ထားတဲ့ အပူချိန်ဒီဂရီကို ညွှန်ပြနေတဲ့ဒိုင်တွေပေါ်က ဂဏန်းတွေကိုတော့ သဲသဲကွဲကွဲမြင်နိုင်ပါတယ်။ အပူချိန်တွေ လွန်ကဲနေပါပြီ။

အပူချိန်လွန်ကဲလာရင် **နိုက်ထရစ်အက်ဆစ်ကပြိုကွဲပြီး နီညိုရောင်ဓာတ်ငွေ့တွေ ထွက်လာတတ်ပါတယ်။** နိုက်ထရစ်အက်ဆစ်ပြိုကွဲတာထက် ဓာတ်ပြုခြင်းမှာပါဝင်နေတဲ့ ရေနံဓာတုဒြပ်ပေါင်းဟာ မီးလောင်နိုင်ပါတယ်။ သူကပိုပြီး အန္တရာယ်ကြီးပါတယ်။ မီးလောင်မှုပြင်းထန်ရင် **ပေါက်ကွဲမှုအထိ**ဖြစ်နိုင်ပါတယ်။ ဒီအချိန်ဟာ **အန္တရာယ်လာတော့မယ်ဆိုတာပြနေတဲ့ ရှေ့ပြေးနိမိတ်ပြချိန်**ပါပဲ။ အန္တရာယ်ဘယ်လောက်ကြီးမလဲဆိုတာကတော့ ဖြစ်ပြီးရင်သိမှာပေါ့။

အရေးကြီးပြီဆိုရင် အတွေးတွေကလည်းမြန်ပါတယ်။ အတွေးမြန်သလို အလုပ်မှန်ဖို့လည်းလိုပါတယ်။ တွေးမိသလိုတွေးပြီး ပျာယီးပျာယာကောက်လုပ်လို့မှန်သွားရင် ကိစ္စမရှိ။ မှားသွားရင် ပိုဆိုးတတ်ပါတယ်။

အော်ပရေတာအလုပ်လုပ်တဲ့နေရာ Control Pannel ကို သွားကြည့်တယ်။ ဓာတုပစ္စည်းတွေ မောင်းထည့်ပေးနေတာကို ရပ်မထားပါဘူး။ ဆက်ပြီးထည့်ပေးနေရင် ဆက်ပြီးဓာတ်ပြုနေမှာပါ။ အပူချိန်ဆက်တက်နေမှာပါ။ Cooling Water အတိုးအလျှော့ဘား Valve ကိုတော့ဖွင့်ထားပါတယ်။ အဆုံးထိရောက်နေပါပြီ။ ရေအေးပေးတဲ့ပိုက်လိုင်းတွေ ပိတ်နေပြီထင်တယ်။

အခန်းထဲပြန်သွားတယ်။ အသင့်တွေ့တဲ့ ရာဘာတုတ်နဲ့ရေအေးအဝင်အထွက်ပိုက်လိုင်းတွေကို လိုက်ခေါက်ပါတယ်။ ပိုက်လိုင်းတွေကို လက်နဲ့ စမ်းလိုက်ခေါက်လိုက်နဲ့ ဆက်စပ်ခေါက်ရင်း လက်မှာအေးသွားတဲ့အထိအတွေ့လေး ခံစားလိုက်ရပါတယ်။ ပိုက်လေးတွေလှုပ်ရှားလာပါတယ်။ အပူချိန်ကျဆင်းသွားပါပြီ။ လာမယ်လို့အချက်ပြနေတဲ့အန္တရာယ်လည်း ဝေးလွင့်ပျောက်ကွယ်သွားပါပြီ။

ဒီနေရာမှာလည်း ဆင်ခြင်တွေးဆစရာလေးတွေ ရှိပါတယ်။ အော်ပရေတာလေးဟာ ဓာတ်ပြုမှုရပ်သွားအောင်လို့ Feeding လုပ်နေတဲ့ ထည့်ပေးနေတဲ့ဟာတွေကို မပိတ်ခဲ့ပါဘူး။ Cooling Water အကုန်ဖွင့်ထားပါလျက်နဲ့ အပူချိန်မကျတာ ဘာကြောင့်လည်းဆိုတာ သူဆက်မတွေးခဲ့ပါဘူး။ ရေပိုက်လိုင်းတွေများ ပိတ်နေသလားဆိုတဲ့အထိ သူ့အတွေးမရောက်ခဲ့ပါဘူး။ အော်ပရေတာလုပ်သူကို ပညာတွေထပ်မံဖြည့်ဆည်းပေးဖို့လိုအပ်နေပါသေးတယ်။ ယနေ့အပြောများနေတဲ့ HR (Human Resources) ဆိုတာကတော့ ဖြည့်ပေးမှပြည့်မယ်ဆိုတာ အသိတစ်ခုရလိုက်ပါတယ်။

စာရှုသူများခင်ဗျား နောက်ဆုံးရေးချင်တဲ့အချက်ကတော့ စက်မှုလုပ်ငန်းခွင်တစ်ခုမှာ အန္တရာယ်ဖြစ်ပြီဆိုလျှင် တန်ဖိုးရှိတဲ့ပစ္စည်းတွေ ပျက်စီးဆုံးရှုံးတဲ့အတွက် နှမြောတသယူကျုံးမရဖြစ်ရသလို လူသားရဲ့အသက်ကိုပါ ပေးလိုက်ရတာကတော့ အလွန်မှ ကြေကွဲဝမ်းနည်းစရာကောင်းလှပါတယ်။ ဒါကြောင့် စက်ရုံလုပ်ငန်းခွင်မှာ ထုတ်လုပ်ရေးထက် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးကို ပထမဦးစားပေး အခြေခံယူကျင့်သုံးကြဖို့ **စက်ရုံတိုင်းမှာ အောက်ဖော်ပြပါစာတမ်းကို စာလုံးကြီးကြီးနဲ့ ဆိုင်းဘုတ်များစိုက်ထူထားသင့်**ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်ပါတယ်။

**'ဘေးအန္တရာယ်ကင်းရှင်းရေးသည် ပထမ'**

**' SAFETY FIRST '**

MRG

# MYOTHA INDUSTRIAL PARK CITY ( MIP )

MMID

" မန္တလေး–မြို့သာ စက်မှုဥယျာဉ်မြို့တော် စီမံကိန်းကြီး "








- နိုင်ငံတော်၏ အနာဂါတ်စီးပွားရေးတွင် အချက်အချာအကျဆုံးနှင့် တဟုန်ထိုး ဖွံ့ဖြိုးမှု မြန်ဆန်နေသည့် မန္တလေးမြို့နှင့် အလှမ်းမဝေးသည့်နေရာဖြစ်ခြင်း၊
- မြို့သာ စက်မှုဥယျာဉ်မြို့တော် စီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး အစိုးရပိုင်ဖြစ်ပြီး MMID အများပိုင်ကုမ္ပဏီမှ Master Developer တာဝန် ယူတည်ဆောက်ကာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းမျိုးစုံ ဆောင်ရွက်နိုင်သည့်စီမံကိန်းဖြစ်ခြင်း၊
- အသင့်ဆောက်လုပ်ပြီး Standard Factory များ ပါရှိကာ လုပ်ငန်းရှင်/ရင်းနှီးမြှုပ်နှံလိုသူများအတွက် ကနဦး ရင်းနှီးမြှုပ်နှံသူများ အထူးအခွင့်အလမ်း ( Early Bird Opportunity ) များကို ရစေမည့်အချိန်ကောင်းဖြစ်ခြင်း၊
- Factory Zone, Business Zone, Logestic & Residential Zone များပါရှိပြီး စက်ရုံများလည်း ပတ်နေသည့် အပြင် အာရှဟိုင်းဝေးလမ်းမကြီးများ အနီးတည်ရှိပြီး ပြည်တွင်း၊ ပြည်ပနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်၍ ရင်းနှီးမြှုပ်နှံရန် လက်လွှတ်မခံသင့်သည့်နေရာကောင်း ဖြစ်ခြင်း၊
- လျှပ်စစ်မီး၊ ရေ၊ လမ်း စသည့် ( Infrastructure ) အခြေခံကောင်းများ ဆောင်ရွက်ထားပြီးဖြစ်ကာ စက်ရုံ၊ အလုပ်ရုံ၊ အဆင့်မြင့် အိမ်ယာများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ရေကို ဧရာဝတီ မြစ်မှ တိုက်ရိုက်သွယ်ယူ ပေးထားပြီး ပတ်ဝန်းကျင် စိမ်းလန်းရေးအတွက်ပါ ဆောင်ရွက်ထားခြင်း၊
- စက်မှုဥယျာဉ်နှင့် ဆီမီးခုံ (ဧရာဝတီ) ဆိပ်ကမ်းကို တိုက်ရိုက်လမ်းဖောက်လုပ်ထားကာ မြန်မာနိုင်ငံတွင် ပထမဆုံး အသုံးပြုသည့် တန် (၅၀) Pontoon Crane Barge တည်ဆောက်ပြီးဖြစ်သည့်ပြင် စက်မှုဥယျာဉ်နှင့်အတူ ၁၈ ကျင်းပါ ကမ္ဘာ့ အဆင့်မီ ဂေါက်ကွင်းကိုပါတည်ဆောက်လျက်ရှိခြင်း၊

FORCE-09-2038908


ဆက်သွယ်စုံစမ်းရန်၊ ၀၉ – ၃၃၀၆၄၈၉၆၊ ၀၉–၃၃၀၆၄၈၉၇ (မန္တလေး) ၀၉–၇၈၄၉၆၃၃၂၆၊ ၀၉–၅၁၆၈၅၈၀ (ရန်ကုန်)၊ ၀၉ – ၇၉၆၁၃၃၁၅၅ (နေပြည်တော်) www.mmidproject.com

# CHAN YIN INDUSTRIES CO.,LTD


CHAN YIN INDUSTRIES

## Tempered Glass,Laminated Glass နှင့်မှန်မျိုးစုံရောင်းဝယ်ဖြန့်ချိရေး







- အမှတ် – ၁၂၇၊ အဆောင်(၄/၉)၊ အခန်း(ဃ)၊ ကျောက်စိမ်းလမ်း၊ စော်ဘွားကြီးကုန်း၊ ရန်ကုန်မြို့။
- ဖုန်း – ၀၁–၆၄၆၇၅၅၊ ၀၉–၇၃၈၁၀၀၆၁
- အမှတ် – ၈/၁၀၊ မြေညီထပ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့၊ ရန်ကုန်မြို့။
- ဖုန်း – ၀၁–၈၆၀၄၀၀၅၊ ၀၁–၈၆၀၄၀၀၆၊ ၀၉–၇၃၂၅၆၉၉၂၊ ၉၇၇၄၀၁၉၃၆
- အမှတ် – ၃၂၈၊ ၉–ရပ်ကွက်၊ သစ္စာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
- ဖုန်း – ၀၁–၅၇၃၁၆၀၊ ၀၉–၇၃၂၅၆၉၉၁၊ ၀၉–၄၂၁၁၄၆၈၈၈၊ ၀၉–၉၇၇၄၀၁၉၃၅
- အမှတ် – ၂၂၈/၂၃၁၊ ၁၁–လမ်း၊ ရန်ကုန်စက်မှုဇုန်မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
- ဖုန်း – ၀၉–၄၂၁၁၄၇၈၈၈၊ ၀၉–၉၇၅၁၀၃၄၇၅၊ ၀၉–၉၇၃၁၂၁၆၈၆၊ ၀၉–၉၆၇၇၅၉၁၇၅



ECO-BLOCK
(Autoclaved Aerated Concrete Block)
“ဝန်းကျင်ကမ္ဘာကို
စောင့်ရှောက်ဖို့
ECO-BLOCK
ကို သုံးစွဲစို့...”
မြေနီအုတ် အစားထိုး
ပူပြင်းလှတဲ့ ရာသီဥတုဒဏ်ကို ကာကွယ်ချင်သလား . . .
မိတ်ဆွေတို့ရဲ့ အဆောက်အဦးကို ECO-Block ဖြင့်တည်ဆောက်ပါလို့အကြံပေးပါရစေ . . .
အပူခံနိုင်မှုစွမ်းရည်မြင့်မားခြင်း
ကုန်ကျစရိတ် သက်သာစေခြင်း
ပေါ့ပါးသော အလေးချိန်ရှိခြင်း
အသံလှိုင်းကာကွယ်နိုင်ခြင်း
တိကျသော အရွယ်အစားနှင့် ပုံသဏ္ဍာန်ရှိခြင်း
ရာသီဥတုအပူ/အအေးဒဏ်ခံနိုင်ရည်ရှိခြင်း
ပတ်ဝန်းကျင်ညစ်ညမ်းမှု ကာကွယ်နိုင်ခြင်း
လျှင်မြန်စွာ တည်ဆောက်နိုင်မှုရှိခြင်း
Lintel Size
1400mm x 100mm x 100mm
1300mm x 100mm x 100mm
1200mm x 100mm x 100mm
Block Size
600mm x 200mm x 200mm
600mm x 200mm x 150mm
600mm x 200mm x 100mm
600mm x 200mm x 75mm
Myanmar AAC & Panel Co., Ltd.
No. 75-78, Min Ayar Street, Shwe Than Lwin Industrial Zone,
Hlaing Thar Yar Township, Yangon, Myanmar.
Tel : 09 264857770, 09 264857771, 09 264857772,09 264857773
E-mail : sales@myanmaraac.com,
http:// www.facebook.com/myanmaraac




Red Horse Dairy Industries Limited.
Ph: 01 551290, 551647, 541124
Hot Line : 09 7777 5 7777
Premium Quality
PEP®
Omega 3+
ဉာဏ်ရည်အတွက်အဖြေရှာ
ပက်(ပ်)...အိုမီဂါ
နယူးဇီလန်နိုင်ငံမှ နို့မှုန့်နှင့် နော်ဝေးနိုင်ငံမှအိုမီဂါသရီး တို့ကို အသုံးပြုထုတ်လုပ်ထားပါသည်။
ဦးနှောက်၊ အာရုံကြောစနစ်နှင့် နှလုံးကျန်းမာရေးအတွက် ကောင်းမွန်ပါသည်။

# အုတ်စက်ရုံ (တည်င်းကုန်း) နှင့် ဖော့ကန်ဆိပ်ကမ်းမြေတို့အား ငှားရမ်းကာလတိုးမြှင့်ခြင်း သဘောတူစာချုပ်လက်မှတ်ရေးထိုး

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အုတ်စက်ရုံ (တည်င်းကုန်း) နှင့် ဖော့ကန်ဆိပ်ကမ်းမြေတို့အား Mother Industrial Co.,Ltd. သို့ ငှားရမ်းသည့်ကာလတိုးမြှင့်ခြင်း သဘောတူစာချုပ်လက်မှတ်ရေးထိုးသည့်အခမ်းအနားကို မေလ ၁၁ ရက်နေ့၊ နံနက်က စက်မှုဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုတက်ရောက်အားပေးအမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် အစိုးရသစ်တာဝန်ယူသည့် ဒုတိယနှစ်တွင် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၏ ပြယုဂ်တစ်ခုဖြစ်ကြောင်း၊ အစိုးရသစ်စတင်တာဝန်ယူသည့် ပထမနှစ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့သည်ကိုတွေ့ရှိရမှာဖြစ်ကြောင်း၊ ယခုဒုတိယနှစ်တွင် ဆောက်လုပ်ရေးကဏ္ဍကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် လျှပ်စစ်ဓာတ်အားကဏ္ဍကို ပိုမိုကျယ်ပြန့်ပြည့်စုံအောင်ဆောင်ရွက်သွားရန်ရှိကြောင်း၊ ယခုငှားရမ်းထားသည့်စက်ရုံမှနည်းပညာမြင့် အပေါ့စားကွန်ကရစ်အုတ်နှင့် ဖိအား မြှင့်ခံကွန်ကရစ်အုတ်များထုတ်လုပ်လျက်ရှိသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အစိုးရနှင့်ပူးပေါင်းဆောင်ရွက်မည့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များစွာလိုအပ်နေကြောင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအောင်မြင်မှသာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာမှာဖြစ်ကြောင်း၊ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့်လည်း ဆက်လက်အောင်မြင်အောင်ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ (Public-Private- Partnership-PPP) ကိုအောင်မြင်အောင် မဖြစ်မနေဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် SME ကဏ္ဍကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် အဖက်ဖက်မှဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စက်ရုံငှားရမ်းကုမ္ပဏီအနေဖြင့် ရရှိသည့်အမြတ်အစွန်းမှ သင့်လျော်သည့်ရာခိုင်နှုန်းဖြင့် CSR အဖြစ် ဝန်ထမ်းများ၏ ပညာရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးနှင့် ပတ်ဝန်းကျင်ဒေသခံတို့အတွက် ကျခံသုံးစွဲရန်လိုကြောင်း၊ မိမိတို့၏ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ရန်နှင့် သုံးစွဲသူပြည်သူများအကျိုးရှိရှိအသုံးချသိရှိနိုင်အောင် ကြော်ငြာပေးရန်လိုအပ်ကြောင်း၊ တွေ့ကြုံရမည့်အခက်အခဲများကို ကျော်လွှားနိုင်အောင် ကြိုးစားဆောင်ရွက်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် စီမံဆောင်ရွက်ထားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ခင်မာရီနှင့် Mother Industrial Co.,Ltd. Managing Director ဦးအောင်မြတ်တို့က အုတ်စက်ရုံ (တည်င်းကုန်း) နှင့် ဖော့ကန်ဆိပ်ကမ်းမြေနေရာတို့အား ငှားရမ်းသည့်ကာလတိုးမြှင့်ခြင်း သဘောတူစာချုပ်အားလက်မှတ်ရေးထိုး၍ စာချုပ်များအားအပြန်အလှန်လဲလှယ်ကြပြီး Mother Industrial

**စာမျက်နှာ ၂၁ သို့ -**

